# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄)
အမှတ် (၁၆၀)

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္လာနေ့။


သခွတ်ပင်က မီးတကျည်ကျည် လုပ်တာတော့လည်း မကောင်းဘူး၊ မြှောက်ပေးတဲ့အထဲ သတင်းစာတွေလည်းပါတယ်လို့ ကျွန်တော်က ပြောချင်တယ်၊ အဲဒီလို ခင်ဗျားတို့လုပ်နေရင် ကျုပ်တို့ကလည်း ဝတ္တရားအတိုင်း အရေးယူလုပ်ရမှာပဲ၊ အဲဒီလိုလုပ်ကြရင် မီးခိုးမဆုံး မိုးမဆုံး ဖြစ်နေမှာပဲ၊ အဲဒါတွေဖယ်ထားပြီး အလုပ်ကလေးလည်း ကောင်းကောင်း လုပ်ပါရစေဦး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများအစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး မလေးရှားသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော်  မတ်  ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မလေးရှားနိုင်ငံ ဘုရင်ဆူလတန်အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားနှင့် မိဖုရား ရာဂျာပါမိုင်ဆူရီ အက်ဂွန်တွန်ကူ ဟာဂျာဟာမိနာတို့၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်ရေးအပြင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများတွင် တန်းတူညီမျှရရှိရေး ကြိုးစားဆောင်ရွက်

**နေပြည်တော်  မတ်  ၈**

"လူသားအားလုံးတိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပံ့ပိုးကြပါစို့" ဦးတည်ချက်ဖြင့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဒုတိယသမ္မတ ဦးညာဏ်ထွန်း၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကများနှင့် အသင်းဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နှစ်စဉ်မတ်လ ၈ ရက်နေ့ရောက်တိုင်း

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## မာန်ဟုန်ပြင်းသော ပဲခူးမြစ်မင်းကို အန်တုအနိုင်ယူခြင်း



**ပဲခူး  မတ်  ၈**

ပဲခူးမြို့နယ်အတွင်း၌ အထင်ရှားဆုံးသောမြစ်မှာ ပဲခူးမြစ်ဖြစ်သည်။ သာယာဝတီခရိုင်အတွင်းရှိ အမြင့် ၂၆၃၉ ပေရှိသော ပဲခူးရိုးမ၏ တောင်စွယ်တစ်ခုဖြစ်သည့် ဆင်နှာမောင်းတောင်မှ သမီးချောင်းနှင့် ဇာမရီချောင်းတို့ ပေါင်းဆုံစီးဆင်း၍ ဖြစ်ပေါ်လာသည်။ ပဲခူးမြစ်သည် ဇောင်းတူရွာအထက်မှ စတင်စီးဆင်းရာ အလျားမိုင် ပေါင်း ၉၀ ခန့်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ချောင်းခွကျေးရွာအနီး၌ ခရမ်းချောင်းနှင့်ပေါင်းဆုံပြီး ရန်ကုန်မြစ်အတွင်းသို့စီးဝင်သည့် မြစ်တစ်စင်းဖြစ်သည်။ အလွန်ကွေ့ကောက်ကာစီးဆင်းပြီး ပဲခူးမြစ်အတွင်းသို့လည်း ချောင်းငယ်မြောင်းငယ်များစွာ စီးဝင်ကြသည်။ နွေရာသီတွင် ပဲခူးမြစ်အတွင်း ရေအလွန်နည်းပါးသော်လည်း မိုးရာသီရောက်သောအခါတွင် မာန်ဟုန်ပြင်းပြင်း ရေစီးနှုန်းမြင့်မားစွာဖြင့် စီးဆင်းပေရာ ပဲခူးမြို့နှင့် ပတ်ဝန်းကျင်နယ်တစ်ဝန်း နှစ်စဉ်ရေလွှမ်းမိုးခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

# ပို္င့်-၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်း

**နေပြည်တော်  မတ်  ၈**

ကိုးကန့်သောင်းကျန်းသူများသည် လောက်ကိုင်-ချင်းရွှေဟော် ကားလမ်းအား ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာသွားလာနိုင်ခြင်း မရှိစေရန်အတွက် မကြာခဏ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက အဆိုပါကားလမ်းအရှေ့ဘက်ခြမ်း လုံထန်ကျေးရွာအနီးရှိ ကိုးကန့်သောင်းကျန်းသူအဖွဲ့ ခြေကုပ်ယူထားသော ပို္င့်-၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို မတ် ၇ ရက်မွန်းလွဲပိုင်းမှစတင်၍ လေကြောင်းပစ်ကူများ၊ အမြောက်ပစ်ကူများ ရယူ၍ တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများက ပစ်ကူများရယူ၍ ရဲဝံ့စွန့်စားစွာ အဆင့်ဆင့်ခြေကုပ်ယူ ချီတက်ရှင်းလင်းတိုက်ခိုက်မှုကြောင့် မတ် ၇ ရက် ညနေပိုင်းတွင် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းအချို့ကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် လေကြောင်းပစ်ကူ ၇ ကြိမ်နှင့် အမြောက်ပစ်ကူများရယူ၍ ကိုးကန့်သောင်းကျန်းသူများနှင့် တိုက်ပွဲများ ပြင်းထန်စွာဆက်လက်ဖြစ်ပွားလျက်ရှိသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✩




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သာသနာတော်အဓွန့်ရှည်စေကြောင်း

ဤလောက၌ သတ္တဝါဝေနေယျတို့ အကျိုးကိုမျှော်ကိုး၍ ဗုဒ္ဓဘုရားရှင်သည် သာသနာတော်နှစ် ၅၀၀၀ ထားရှိတော်မူခဲ့ပါသည်။ သာသနာတော်အဓွန့်ရှည်စေရေး ရည်မျှော်လျက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒတည်းဟူသော သာသနာတော်သုံးရပ် အစဉ်စည်ပင်ဖွံ့ဖြိုးအောင် ကြိုးပမ်းအားထုတ်ကြရပါသည်။ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်ခြင်း၊ ချီးမြှောက်ခြင်းတို့သည် သာသနာတော်ကို စည်ပင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ထို့ကြောင့်လည်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်သော အစိုးရအဆက်ဆက်တို့သည် သာသနာသုံးရပ် စည်ပင်ဖွံ့ဖြိုးအောင် ချီးမြှောက်သောအားဖြင့် နှစ်စဉ်နှစ်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို သာသနာစည်ပင်ဖွံ့ဖြိုးရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်တော်မူကြသော ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများအပြင် လူပုဂ္ဂိုလ်သာသနာပြုများကိုပါ ဆက်ကပ်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ပါသည်။

သာသနာတော် စည်ပင်ဖွံ့ဖြိုးတိုးပွားအောင် ကြိုးပမ်းအားထုတ်တော်မူကြသော ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီး ဆရာလေးတို့အား အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတနှင့် သဒ္ဓမ္မဇောတိကဓဇ အစရှိသော ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူရှိပါသည်။

ထို့အတူ သာသနာပြုလူပုဂ္ဂိုလ်များကိုလည်း သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်များ ဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ၊ သုဓမ္မမဏိဇောတဓရ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီ စသောဘွဲ့တံဆိပ်များ ဆက်ကပ်လှူရှိပါသည်။

ယခုနှစ်တွင် ပြည်တွင်းဘွဲ့ခံဆရာတော် ၁၃၅ ပါး၊ ပြည်ပဘွဲ့ခံဆရာတော် ၁၅ ပါး စုစုပေါင်း ဆရာတော် အပါး ၁၅၀ တို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပါသည်။ ထို့အတူ သီလရှင်ဆရာကြီး ၁၃ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၂၈ ဦးတို့ကိုလည်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ပေးအပ်နိုင်ခဲ့ပါသည်။ သို့ပါ၍ ဤသို့သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ၊ သာသနာနုဂ္ဂဟဘွဲ့များနှင့် သာသနာပြုဘွဲ့များ ဆက်ကပ်လှူဒါန်းခြင်း၊ ပေးအပ်ခြင်းတို့သည် သာသနာတော်ကိုချီးမြှောက်ရာရောက်ပြီး သာသနာတော်အဓွန့်ရှည်ရာရှည်ကြောင်း အထောက်အပံ့ကောင်းပင်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ပညာရေးစီမံခန့်ခွဲသူများနှင့် ပညာရေးဆိုင်ရာညှိနှိုင်းဆွေးနွေး

**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာနှင့် အဆင့်မြင့်ပညာ ဦးစီးဌာန ကျောင်းများမှ ပညာရေးစီမံခန့်ခွဲသူများနှင့် ပညာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၇ ရက် နံနက် ၈နာရီခွဲက မန္တလေးမြို့ ၃၅လမ်းနှင့် လမ်း ၈၀ ထောင့်ရှိ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ရုံးချုပ်သင်တန်းခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ကျောင်းအသီးသီးတွင် စာမေးပွဲဖြေဆိုရန်ကာလ ရောက်ရှိနေသဖြင့် မြို့နယ်အလိုက်၊ ကျောင်းအလိုက် အစစအရာရာ အဆင်ပြေချောမွေ့အောင် ဂရုပြုလုပ်ဆောင်ကြရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စာစစ်ဌာန ပြောင်းလဲစီစဉ်ပေးရမှု အချို့ရှိသည်ကိုလည်း မြို့နယ်အချင်းချင်း အဆင်ပြေအောင် ညှိနှိုင်းစီစဉ်ပေးသွားရန်ဖြစ်ကြောင်း၊ စာမေးပွဲပြီးစီးသည့်အချိန်တွင် ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်သည့် ဆွေးနွေးပွဲများ သင်တန်းများအပြင် စာတတ်မြောက်ရေး လှုပ်ရှားမှုအပါအဝင် ပညာရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များကို ဒေသအလိုက် အစီအမံများ ရေးဆွဲဆောင်ရွက်သွားကြစေလိုကြောင်း။

ပညာရေးဝန်ကြီးဌာနက ဒေသအလိုက်၊ ကျောင်းအလိုက် စီမံခန့်ခွဲမှု တာဝန်ပေးအပ်ထားပြီးဖြစ်သော ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းအုပ်ကြီးများက တာဝန်သိသိ တာဝန်ယူ ဆောင်ရွက်သွားကြမည်ဆိုပါက ယနေ့တွေ့ကြုံနေရသော ပညာရေးနယ်ပယ် စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်ပြီး အမျိုးသား ပညာရည်မြင့်မားတိုးတက်အောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်၍ ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၏ ပညာရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတင်ပြမှုများအပေါ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းလှိုင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



## ရွေးကောက်ပွဲဆိုင်ရာ အသိပညာသင်တန်းပေး

**သထုံ မတ် ၈**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းကို မတ် ၅ ရက် နံနက် ၁၁ နာရီက သထုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ဒုရဲအုပ်နှင့်အထက် မြို့နယ်ရဲတပ်ဖွဲ့မှူးအဆင့်အထိ သင်တန်းသား ၅၈ ဦး တက်ရောက်သွားမည်ဖြစ်ပြီး မတ် ၅ ရက်မှ ၉ ရက်အထိ ငါးရက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်**

## စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ခိုလမ် မတ် ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ဇင်ဇင်သော်သည် နမ့်စန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်ခိုလမ်မြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့သည် မတ် ၇ ရက် နံနက် ၁၀နာရီက ခိုလမ်မြို့ အုပ်ချုပ်ရေးမှူးရုံး၌ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသူများ၊ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို အစားအစာများ၊ ဆေးဝါးများနှင့် ကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခိုလမ်မြို့အမှတ် (၂) ရပ်ကွက် ရွှေခိုလမ်စာကြည့်တိုက်သို့ သွားရောက်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်အတွင်း လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး (လွိုင်လင်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၈-၁၀၅၀ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ပူဇော်

**သီပေါ မတ် ၈**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းခံရသော ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်အလယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဉာဏောဘာသအရှင်သူမြတ်နှင့် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်မှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝါယာမိန္ဒအရှင်သူမြတ်တို့ နှစ်ပါး နေပြည်တော်မှ ပြန်လည်ကြွရောက်လာရာ သီပေါမြို့နယ်သူ မြို့နယ်သားများက ကြိုဆိုပူဇော်ပွဲကို မတ် ၆ ရက်က ကျင်းပခဲ့သည်။ သာသနာ့အာဇာနည်နှစ်ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၁ ရက်တွင် မြို့လယ်ဓမ္မာရုံ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ပြည်တွင်းသတင်း

# သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသည့် သာသနာ့အာဇာနည်ဆရာတော်နှစ်ပါးအား ဂုဏာဝိသိဋ္ဌပူဇာဂုဏ်ပြု



ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဓမ္မောဒယ ပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဇေယျအား ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် အလှူငွေ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၈**

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဓမ္မောဒယ ပရိယတ္တိ စာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ အာဇေယျနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ သာသနဝိပုလ ဓာတ်တော် ပရိယတ္တိစာသင်တိုက်ဆရာတော် နိုင်ငံတော်သံဃနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာနန္ဒတို့အား ဂုဏာဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်၌ ကျင်းပရာ လားရှိုးမြို့ ကန်မိန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ဇနီး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုပူဇော်ခံ သာသနာ့အာဇာနည် ဆရာတော်နှစ်ပါးအား ကနက္ကဒဏ်ထီးဖြူမိုး၍ ပူဇာသနပလ္လင်ပေါ်သို့ ကြွရောက်တော်မူပါရန် အဘိယာနေနိမန္တနဂါထာဖြင့် ဖတ်ကြားလျှောက်ထား၍ ပန်းစိုက်ငွေဖလား၊ သာသနာ့ အောင်လံတော်၊ အောင်လက်မှတ်တော်၊ စာပလွေတော်၊ ဘွဲ့တံဆိပ်တုံး သေတ္တာတို့နှင့်အတူ ပင့်ဆောင်ခဲ့ကြသည်။ အခမ်းအနားကို နမောတဿ(သုံး)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဂုဏ်ပြုပူဇော်ပွဲဆိုင်းဘုတ်အား ပြည်နယ်လူမှုရေးဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး ကန်မိန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တ အာဇေယျ၏ထေရုပ္ပတ္တိဂါထာကို လားရှိုးမြို့ တာပုံကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနာလိန္ဒကလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပညာနန္ဒ၏ ထေရုပ္ပတ္တိဂါထာကို လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒကလည်းကောင်း ဖတ်ကြားပူဇော်ကြပြီး အလှူငွေကျပ် ၇၄၈ သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မူဆယ်မြို့ မဟာဝန်ကျောင်းတိုက်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုခမိန္ဒထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သံဃာ့ဒါန ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**နေပြည်တော် မတ် ၈**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၈၃)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ရန်အောင်မြင်ရွှေလက်လှစေတီတော်အဝင်လမ်းနှင့် ပတ်လမ်းတစ်လျှောက်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး မိသားစုများ၊ အမှတ်(၆) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်၊ နေပြည်တော် သီရိဟိုတယ်ဇုန်ရှိ ဟိုတယ်များ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။ **(ယာပုံ)**

နှစ်စဉ်ကျင်းပသည့် သံဃာ့ဒါန ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားသို့ ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်အရှင်သူမြတ်များအမှူးပြုသော ဩဝါဒါစရိယ ဆရာတော် ၁၆ ပါးအပါအဝင် နေပြည်တော်ရှိ မြို့နယ်များမှ စာသင်တိုက်နှင့် ကျောင်းတိုက် ၈၈ ကျောင်းတို့မှ ရဟန်းသာမဏေ ၅၀၆ ပါးနှင့် သီလရှင်ကျောင်းတိုက် ခုနစ်ကျောင်းမှ သီလရှင် ၇၈ ပါးတို့ ကြွရောက်တော်မူကြရာ ပဒေသာပင် ၁၂ ခု အပါအဝင် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော်ကြီးများအား ထပ်ဆင့်ချီးကျူးပူဇော်

**ရန်ကုန် မတ် ၈**

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် အလှူခံရရှိတော်မူသော မွန်ဆရာတော်ကြီးသုံးပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား မွန်သာသနာတော် ထောက်ပံ့ရေးကော်မတီ (ရန်ကုန်)က ထပ်ဆင့်ချီးကျူးပူဇော်ပွဲအခမ်းအနားကို မတ် ၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ထပ်ဆင့် ချီးကျူးပူဇော်ပွဲတွင် မွန်ဆရာတော်ကြီးများဖြစ်ကြသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ်မော်လမြိုင်မြို့ မောင်ငံရပ်ကွက် မြစေတီစာသင်တိုက်မှ ဘဒ္ဒန္တဉာဏုတ္တရ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက် မြိုင်မာလာလမ်းရှိ မဟာရင်မွန်ကျောင်းစာသင်တိုက်မှ ဘဒ္ဒန္တသီလတေဇနှင့်အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ တိုက်ကျောင်း(ကွင်းကျောင်း) တိုက်မှ ဘဒ္ဒန္တဝရဝံသတို့အား မွန်သာသနာတော် ထောက်ပံ့ရေးကော်မတီ (ရန်ကုန်)မှ ကျင်းပရေးကော်မတီဝင်များ၊ မွန်မိသားစုဝင်များက ပူဇော်ကန်တော့ကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ လူပုဂ္ဂိုလ်ဆိုင်ရာ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်းသွယ်နေ ဦးမောင်သိန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ထပ်ဆင့်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုချစ်**

# မြန်မာ့အလင်း မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေများလှူဒါန်း

**ရန်ကုန် မတ် ၈**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ သန်လျင်မြို့နယ် သတင်းထောက် ဦးသန်းဝင်း တွဲဖက်အတွင်းရေးမှူး၏ စီစဉ်စည်းရုံးမှုဖြင့် မတ် ၇ ရက်က သန်လျင်မြို့မတောင်ရပ်ကွက် ဖို့မြေလမ်းနေ ဦးအောင်သန်းဦး-ဒေါ်အေးမြင့်က အလှူငွေကျပ်တစ်သိန်း၊ သန်လျင်မြို့ ဇာတ်ရုံလမ်းနေ ဦးစိန်လွင်-ဒေါ်ဖြူဖြူ မိသားစုက ငွေကျပ်တစ်သိန်းတို့ကို အလှူရှင်များကိုယ်စား မြို့နယ်သတင်းထောက် ဦးသန်းဝင်းက ပေးအပ်လှူဒါန်းရာ အဖွဲ့နာယကများ၊ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**




## မြန်မာ့ရိုးရာ မဟာသင်္ကြန်သီချင်း သံချပ်စာသားများ ကြိုတင်တင်ပြရန်

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၆ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်း၏ စာသားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးကော်မတီသို့ ၂၅-၃-၂၀၁၅ ရက် နောက်ဆုံးထားတင်ပြရန်နှင့် ကော်မတီ၏ခွင့်ပြုချက်ဖြင့်သာ သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးဆပ်ကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



နိုင်ငံဘက်စုံ
တည်ဆောက်ဖို့
မှန်မှန်ကန်ကန်
အခွန်ပေးစို့

နိုင်ငံတကာသတင်း

# ရှေ့တန်းစစ်မျက်နှာမှ လက်နက်ကြီးများ ယူကရိန်းခွဲထွက်ရေးသမားများဖယ်ရှား



**ကိယက်ဗ် မတ် ၈**

အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အရ ရှေ့တန်းစစ်မျက်နှာမှ လက်နက်ကြီးများအားလုံး ဖယ်ရှားပြီးပြီဖြစ်ကြောင်း ယူကရိန်းအရှေ့ပိုင်း ဒိုးနက်မြို့ ရုရှားလိုလားသူခွဲထွက်ရေးသမားများက ပြောသည်။

ဒိုးနက်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ရန်ကြိုးစားနေသော အကြီးအကဲ အလက်ဇန္ဒားဇာခါချန်ကိုက အထက်ပါအတိုင်း ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

စနေနေ့၌ ယူကရိန်းအစိုးရကလည်း ၎င်း၏အမြောက်များကို ရှေ့တန်းစစ်နယ်မြေမှ အပြီးဖယ်ရှားသွားမည်ဟု ပြောကြားသည်။ ဥရောပသမဂ္ဂကြားဝင်စေ့စပ်မှုဖြင့် လက်မှတ်ထိုးခဲ့သော အဆိုပါအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ပြီးခဲ့သည့်လက မင့်ခ်မြို့၌ အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့်ကြားမှ ချုပ်ဆိုခဲ့သည်။

"ကျွန်တော်တို့ လက်နက်အားလုံးရုပ်သိမ်းပြီးပါပြီ။ ဒါပေမယ့် ယူကရိန်းကတော့ ဒီလိုမလုပ်နိုင်သေးပါဘူး"ဟု မစ္စတာဇာခါချန်ကိုက စနေနေ့တွင် ပြောသည်။ မင့်ခ်ငြိမ်းချမ်းရေးအစီအစဉ်အရ လွန်ခဲ့သည့် သီတင်းပတ်များက အကျဉ်းသားများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ ပြီးခဲ့သည့် ဧပြီလမှစတင်ကာ ယူကရိန်းအရှေ့ပိုင်း ဒိုးနက်နှင့်လူဟန့်တို့၌ ဖြစ်ပွားသောစစ်ပွဲကြောင့် လူပေါင်း ၆၀၀၀ ခန့် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ပြောသည်။

**(ဘီဘီစီ)**

# ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့ဝင်များ မြေမြှုပ်မိုင်းများပူးပေါင်းဖယ်ရှားမည်

**ဘိုဂိုတာ မတ် ၈**

ကိုလံဘီယာ အစိုးရနှင့် သူပုန်အဖွဲ့များသည် ၁၉၆၀ ပြည့်နှစ်များအလွန်က တိုက်ပွဲဖြစ်ပွားရာ ကျေးလက်ဒေသများ၌ မြေမြှုပ်မိုင်းများ အတူတကွပူးပေါင်းဖယ်ရှားသွားရန် သဘောတူလိုက်ပြီဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကို နှစ်နှစ်ကျော်ကြာ ငြိမ်းချမ်းရေးဆွေးနွေးရာ ကျူးဘားနိုင်ငံ၌ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

သဘောတူ စာချုပ်အရ သူပုန်အဖွဲ့များသည် မြေမြှုပ်မိုင်းများနှင့်အခြား ပေါက်ကွဲစေတတ်သည့် အရာများ အစိုးရတပ်ဖွဲ့နှင့်အတူ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းသွားမည်ဟု ဆိုသည်။

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းအထူထပ်ဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။



လွန်ခဲ့သည့် ၁၅ နှစ်ကာလအတွင်း ကိုလံဘီယာနိုင်ငံ၌ မြေမြှုပ်မိုင်းများကြောင့် လူပေါင်း ၁၁၀၀၀ ကျော် ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းများ ဖြစ်ပွားခဲ့သည်။ ယင်းသဘောတူညီချက်သည် ငြိမ်းချမ်းရေးအတွက် ကြီးမားသော ခြေလှမ်းဖြစ်ကြောင်း ကိုဘီယာ အစိုးရညှိနှိုင်းရေးမှူး ဟပ်ဘာတို ဒေလာကယ်လီကဆိုသည်။ အဆိုပါသတင်းကို သမ္မတဆန်တို့စ်ကလည်း ကြိုဆိုလိုက်ပြီး ငြိမ်းချမ်းရေးအတွက် အပေါင်းလက္ခဏာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# အမျိုးသမီးများအား အကာအကွယ်ပေးရေး အိန္ဒိယသမ္မတအလေးပေး

**နယူးဒေလီ မတ် ၈**

အိန္ဒိယသမ္မတ ပရာနက်မူခါဂျီသည် စနေနေ့ကကျရောက်သည့် နိုင်ငံတကာအမျိုးသမီးများနေ့တွင် သက်ဆိုင်ရာဥပဒေများ ထုတ်ပြန်ခြင်းမှတစ်ဆင့် အမျိုးသမီးများအား အကာအကွယ်ပေးရေးကို အစိုးရအနေဖြင့် ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

နိုင်ငံအတွင်းရှိ အမျိုးသမီးများ၏ လုံခြုံမှုအတွက် စိတ်နေစိတ်ထားနှင့် အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေးသာမက လူမှုရေးစီမံခန့်ခွဲမှုစသည့် အခြေခံပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ကြပါရန် သမ္မတက မေတ္တာရပ်ခံခဲ့သည်။

နိုင်ငံတကာအမျိုးသမီးများနေ့သည် အမျိုးသမီးများ၏ အကျိုးစီးပွားနှင့်လုံခြုံမှုအပေါ်တွင် မိမိတို့၏ ကတိကဝတ်များကို ပြန်ပြီးအကောင်အထည်ဖော်လုပ်ဆောင်နိုင်မယ့် အခွင့်အရေးတစ်ခုဖြစ်ကြောင်း၊ အမျိုးသမီးများအတွက် စိတ်ချရသည့်ဥပဒေပြုလုပ်ဆောင်မှု များစွာရှိခဲ့သော်လည်း မပြီးပြတ်ဘဲကျန်နေသေးကြောင်း၊ ဥပဒေပြုခြင်းတစ်ခုတည်းဖြင့် အမျိုးသမီးများရဲ့လွတ်မြောက်မှုကို ဆောင်ရွက်မပေးနိုင်ကြောင်း ပရာနက်က ဆိုသည်။

"အမျိုးသမီးများသည် နိုင်ငံ၏ကံကြမ္မာကို ပုံဖော်သူတည်ဆောက်သူများဖြစ်ကြသည်။ အမျိုးသားများအား ရှေ့သို့ချီတက်နိုင်အောင် အဆုံးစွန်သော တွန်းအားပေးနိုင်သူများသည် အမျိုးသမီးများဖြစ်သည်" ဟူသော ရာဘင်ဒြာနတ်တဂိုး၏ အဆိုအမိန့်များကို ရွတ်ဆိုပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီကလည်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုရည်ညွှန်းသည့် အစိုးရ၏ စီးပွားရေးနှင့် လူမှုရေးစီမံကိန်းများကို မကြာသေးမီက စတင်လုပ်ဆောင်ခဲ့ပြီး ပြည်သူများအနေဖြင့်စိတ်ဓာတ်ရေးရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် မေတ္တာရပ်ခံခဲ့သည်။

**(ဆင်ဟွာ)**

# အာဖဂန်မြောက်ပိုင်း ထောင်တွင်းဆူပူမှု သုံးဦးသေ၊ ၂၂ ဦး ဒဏ်ရာရ

**ရှီဘာဂန် မတ် ၈**

တနင်္ဂနွေနေ့က ကဘူးလ်မြို့မြောက်ဘက် ကီလိုမီတာ ၃၉၀ အကွာ မြို့တော် ရှီဘာဂန်ရှိ အကျဉ်းထောင်တွင် အကျဉ်းသားများဆူပူမှုကြောင့် သုံးဦးသေဆုံးကာ အကျဉ်းသား ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲဌာနအကြီးအကဲ ဖကီရ်မိုဟာမက်ဂျော်ဂျာနီက ပြောသည်။

ရှီဘာဂန်ဗဟိုအကျဉ်းထောင်၌ အကျဉ်းသားများနှင့် ထောင်ကြပ်များအကြား ပဋိပက္ခဖြစ်ပွားမှုသည် ဒေသစံတော်ချိန် နံနက် ၉ နာရီက စတင်ခဲ့ပြီး ရဲနှစ်ဦးနှင့် အကျဉ်းသားတစ်ဦး သေဆုံးကာ ထိန်းသိမ်းခံထားရသူ ၁၆ ဦးနှင့် ရဲသားခြောက်ဦးဒဏ်ရာရရှိကြောင်း ဂျော်ဂျာနီက ဆင်ဟွာသို့ပြောကြားသည်။

ဆူပူမှု၌ပါဝင်သော ထိန်းသိမ်းခံထားရသူများမှာ တာလီဘန်သစ္စာခံများဖြစ်သည်ဟု ရဲဌာနအကြီးအကဲက ပြောခဲ့သည်။ အခြေအနေများကို ငြိမ်သက်အောင်ပြန်လည်ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အမေရိကန်၌ နိုင်ငံသားသုံးပုံတစ်ပုံမှာ အလုပ်လက်မဲ့ဖြစ်နေ

**နယူးယောက် မတ် ၈**

လွန်ခဲ့သည့်လအတွင်း အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိသည့် အမေရိကန်လူမျိုး သုံးပုံတစ်ပုံနီးပါးသည် အမေရိကန်လုပ်သားထုတွင် ပါဝင်ခြင်းမရှိကြောင်း စာရင်းဇယားအသစ်များအရ သိရသည်။

ဖေဖော်ဝါရီလအတွင်း အသက် ၁၆ နှစ်နှင့် ၁၆ နှစ်အထက် အမေရိကန်လူမျိုး ၉၂၈၉၈၀၀၀ သည် အလုပ်အကိုင်ရရှိခြင်းမရှိကြောင်း အလုပ်သမားစာရင်းအချက်အလက်ကောက်ယူရေးဗျူရိုက သောကြာနေ့တွင် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ဖေဖော်ဝါရီလအတွင်း အလုပ်ရရှိမှုပမာဏသည် ၆၂ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာ ၁၉၇၈ ခုနှစ် မတ်လကတည်းက အနိမ့်ဆုံးအဆင့်ဖြစ်သည်။ ၂၀၀၉ ခုနှစ် သမ္မတဘားရက်အိုဘားမားစတင်တာဝန်ယူသည့်အချိန်မှစ၍ အလုပ်ရရှိမှုပမာဏကျဆင်းသည့်ဘက်သို့ ဦးတည်ခဲ့သည်။

၂၀၀၉ ခုနှစ်၌ သမ္မတအိုဘားမား အာဏာရရှိလာချိန်၌ အမေရိကန်လူမျိုးသန်း ၈၀ သည် အလုပ်အကိုင်ရရှိခြင်းမရှိပေ။ နိုင်ငံသား ၁၂ သန်းကျော်မှာ ထိုအချိန်မှစ၍ အလုပ်သမားအင်အားတွင် ပါဝင်ခြင်းမရှိပေ။ လွန်ခဲ့သောလက အမေရိကန် ၃၅၄၀၀၀ မှာ အလုပ်မှစွန့်ခွာခဲ့ကြောင်း ဌာနဆိုင်ရာ စာရင်းဇယားများအရ သိရသည်။

ဖေဖော်ဝါရီလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းသွားသော်လည်း အမှန်အကန်အလုပ်လက်မဲ့ပမာဏမှာ နှစ်ဆဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလုပ်သမားဌာနသည် အလုပ်အကိုင်ရှာဖွေမှုကို လက်လျှော့လိုက်သည့် လူဦးရေပမာဏကို ထည့်သွင်းရေတွက်ခြင်းမပြုသောကြောင့်ဖြစ်သည်။

**(ပရက်စ်တီဗွီ)**

# အကြမ်းဖက်မှုများပြုလုပ်သည့် ဆီးရီးယားတစ်ဦးကို လက်ဘနွန်စစ်တပ်ဖမ်းဆီး

**ဘေရွတ် မတ် ၈**

တက်ဖရီစစ်သွေးကြွဟု သံသယရှိသူတစ်ဦးသည် လက်ဘနွန်နိုင်ငံအတွင်း ပုံးဖောက်ခွဲမှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ဆောင်ရွက်ခဲ့ကြောင်း ဝန်ခံခဲ့သည်။ တက်ဖရီအကြမ်းဖက်အုပ်စုက ပြုလုပ်သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် အဓိကသတင်းအချက်အလက်များကို ထုတ်ဖော်ပြောခဲ့သည်။ ဆီးရီးယားနိုင်ငံသား ဟာဆန်ဂျမီဟာဘာကို လွန်ခဲ့သောလက အကြမ်းဖက်အုပ်စုများတွင် ပါဝင်မှု၊ စစ်တပ်ကို တိုက်ခိုက်မှုတို့ဖြင့် ဖမ်းဆီးခဲ့ပြီး စနေနေ့က ၎င်းကိုနိုင်ငံ၏ တရားသူကြီးအဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်ဟု လက်ဘနွန်ကြည်းတပ်မှ ပြောခဲ့သည်။

ဟာဘာက ၎င်းသည် တက်ဖရီအုပ်စုဝင်တစ်ဦးဖြစ်ပြီး ဆီးရီးယား-လက်ဘနွန်နယ်စပ်ရှိ ပြည်သူများနှင့် စစ်တပ်ကို အဓိကပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်မှုများတွင် ပါဝင်လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

နယ်စပ်မြို့ဖြစ်သည့် အာဆယ်မြို့၌ ဟာဘာသည် ဖောက်ခွဲရေးပစ္စည်းများအပြည့်တင်လာသောယာဉ်ကို အသုံးပြု၍ တစ်စုံတစ်ဦးကို တိုက်ခိုက်ရာတွင် မအောင်မြင်ခဲ့ကြောင်းလည်း ဝန်ခံခဲ့သည်။

ထို့အပြင် ဖမ်းဆီးခံထားရသည့် အကြမ်းဖက်သမားသည် အာဆယ်မြို့စွန်၌ ဆီးရီးယားနိုင်ငံသားပေါင်းများစွာကို သတ်ဖြတ်ခဲ့ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ လက်ဘနွန်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဆီးရီးယားမှ တက်ဖရီအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကို ခံနေရသည်။

**(ပရက်စ်တီဗွီ)**



ပြည်တွင်းသတင်း

# နှစ်နိုင်ငံနယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော် မတ် ၈**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ကျင်းပခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သော်တို့ ပူးတွဲဦးဆောင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာလျို့ကျန်းမင်က ဦးဆောင်ကာ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်ရေးကိုအခြေခံကာ နှစ်နိုင်ငံနယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ထိန်းသိမ်းရေး၊ တရားဥပဒေစိုးမိုးမှု တည်ဆောက်ရေးတို့အပေါ် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ကိုးကန့်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများ မိမိနေရပ်များသို့ ဘေးကင်းလုံခြုံစွာ အမြန်ဆုံးပြန်နိုင်ရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ချစ်ကြည်ရေးသွားရောက်၊ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၈**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအထူးကိုယ်စားလှယ်အဖွဲ့သည် အသင်းနာယကဦးတင်ဦးနှင့် အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့ ခေါင်းဆောင်လျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မတ် ၃ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့ပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အတွင်းရေးမှူး ဦးမျိုးအောင်လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သည်။

ကိုယ်စားလှယ် အဖွဲ့သည် ပေကျင်းမြို့တွင် တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာလျို့ကျန်းမင်၊ အာရှရေးရာ အထူးသံတမန် မစ္စတာဝမ်ရင်းဖန်နှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယအမှုဆောင်ဥက္ကဋ္ဌ မစ္စတာကမ်းကျိယွမ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲများသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းလည်း တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများကို အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ တရုတ်နိုင်ငံဘက်သို့ရောက်ရှိ လာကြသည့်ကိုးကန့်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအား လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ခဲ့သည့်အတွက် မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်အစိုးရအား ကျေးဇူးတင်ရှိကြောင်းလည်း ပြောကြားခဲ့သည်။



မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ်သို့ မတ် ၅ ရက်မှ ၈ ရက်အထိ ရောက်ရှိခဲ့သည်။ ယူနန်ပြည်နယ် ခရီးစဉ်အတွင်း မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့နှင့် အတူ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦးလည်း လိုက်ပါခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် ကူမင်းမြို့၌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် အမြဲတမ်းကော်မတီဝင် မစ္စတာမန်ဆုထရယ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လင်စန်းမြို့သို့ မတ် ၇ ရက်တွင် ရောက်ရှိသည်။

လင်စန်းမြို့တွင် လင်စန်းမြူနီစီပယ်ပါတီအတွင်းရေးမှူး လီရှောင်ပင်းနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး လင်စန်းမြို့မှ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၃၇)၊ (၁၂၇)နှင့် (၁၂၅)တို့ရှိ တရုတ်နိုင်ငံဘက်သို့ ယာယီခိုလှုံလာကြသူများတွက် တရုတ်အစိုးရမှ တည်ဆောက်ထားသည့် ယာယီစခန်းများသို့ သွားရောက်ကြည့်ရှုခဲ့သည်။ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၃၇)ရှိ ယာယီစခန်းတွင် ယာယီရွှေ့ပြောင်းရောက်ရှိနေသူ ၁၁၀၀ ကိုလည်းကောင်း၊ နယ်နိမိတ်မှတ်တိုင် (၁၂၇)ရှိ ယာယီစခန်းတွင် ၁၅၀၀ ခန့်ကိုလည်းကောင်း တွေ့ဆုံခဲ့သည်။ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၂၅)ရှိ ယာယီစခန်း၌ ခေတ္တခိုလှုံနေသူများမှာ မြန်မာနိုင်ငံဘက်ရှိ မိမိနေရပ်များသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း အထူးကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နတ်မောက်-ဝက်ချုပ် လမ်းပိုင်းကြည့်ရှုစစ်ဆေး

**နတ်မောက် မတ် ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် နတ်မောက်-ဝက်ချုပ်လမ်းပိုင်းကို မတ် ၆ရက်က မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့် မြို့နယ်ရှိဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ နတ်မောက်-ဝက်ချုပ်လမ်းပိုင်းသည် နတ်မောက်-ဝက်ချုပ်လမ်းခွဲ မိုင်တိုင်(၃၀)မှ ဝက်ချုပ်ကျေးရွာ မိုင်တိုင် ၁၄ မိုင် ၇ ဖာလုံလမ်း အရှည် ၁၅ မိုင်ရှိပြီး လမ်းအကျယ် ၁၈ ပေမှ ကျောက်သားထု ကိုးလက်မ ပြည့်မီစေရေး လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **လှဝင်း**

## ရပ်ကွက်ပြည်သူများအား ရွှေ့လျားကျန်းမာရေး ဆေးကုသပေး

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပင်မဒေသန္တရဆေးခန်းနှင့် ခရိုင်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းမှ ရပ်ကွက်ပြည်သူတို့ကို ရွှေ့လျားကျန်းမာရေး စောင့်ရှောက်မှုအဖြစ် ဆေးကုပေးလျက်ရှိရာ မတ် ၇ ရက် နံနက် ၈ နာရီက အမှတ်(၇)ရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ၌ ရပ်ကွက်ပြည်သူများအား အထွေထွေကျန်းမာရေးအတွက် တိုင်းရင်းဆေးအဖွဲ့နှင့် သွားရောဂါအတွက် ဒေသန္တရဆေးခန်းမှ ဆရာဝန်နှင့် အဖွဲ့က ဆေးကုသမှုပေးသည်။

လှိုင်သာယာ ပြည်သူ့ဆေးရုံလက်အောက်ရှိ ပင်မဒေသန္တရဆေးခန်းမှ ဒေါက်တာမာလာနှင့် အဖွဲ့က သွားရောဂါအတွက် ကုသပေးပြီး ခရိုင်တိုင်းရင်းဆေးကုဌာန၊ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့မှ တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်ခင်၊ လက်ထောက် တိုင်းရင်းဆေးမှူး ဒေါ်ဝေဝေဦးနှင့်အဖွဲ့တို့က လာရောက်ပြသကြသည့် အထွေထွေရောဂါတို့ကို ကုသပေးခဲ့ကြကြောင်း၊ အဆိုပါ ရွှေ့လျားကျန်းမာရေး ဆေးကုသရေးအဖွဲ့မှာ ရပ်ကွက်ငါးခုကို ကွင်းဆင်းကုသပေးနိုင်ခဲ့၍ ရပ်ကွက်ပြည်သူတို့အတွက် များစွာအထောက်အကူ ဖြစ်စေပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပါဝင်ကာ အခမဲ့ဆေးကုသမှုပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**





ဥပဒေရေးရာ

***National Network for Education Reform (NNER)** နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အစွန်းရောက်သည့် ပညာရေးလွတ်လပ်ခွင့်မျိုးမဖြစ်သင့်ပါ

**ကျော်မျိုးသိန်း-သပြေကုန်း**

**လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမိဘပြည်သူများ၊ ဥပဒေပညာရှင်များ၊ ဆရာများ၊ ကျောင်းသားများနှင့် မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကို လိုလားသူများခင်ဗျာ ပြင်ဆင်သည့်ဥပဒေမူကြမ်းတွင် ထည့်သွင်းပြင်ဆင်ထားမှုများကြောင့် “အစွန်းရောက်သည့် လွတ်လပ်မှုမျိုးမဖြစ်စေရန်”အတွက် နိုင်ငံနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ ရေရှည်အကျိုးစီးပွားကိုထောက်ပြီး ဝိုင်းဝန်းကာကွယ်ပေးကြ**

ဒီမိုကရေစီလူ့အဖွဲ့အစည်းဆိုတာ ဥပဒေကို လေးစားလိုက်နာတန်ဖိုးထားတာထိပ်ဆုံးပါ။ အဲဒီထဲမှာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးတွေကို နိုင်ငံတော်ရဲ့တည်ဆဲဥပဒေများနှင့် ချိန်ညှိရင်လည်း အမိနိုင်ငံရဲ့တည်ဆဲဥပဒေဟာ အဓိကအချက်ဆိုတာကိုပါ မမေ့သင့်ပါ။ လူ့အဖွဲ့အစည်းသာယာ၊ ငြိမ်းချမ်းဖို့ ကောင်းစွာဖွံ့ဖြိုးဖို့အတွက် သူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေရှိမည့် ဥပဒေဖြင့် အကာအကွယ်တည်ဆောက်ထားတာပါ။ ပြည်သူပြည်သားကောင်းတစ်ယောက် (Good Citizen) ဆိုတာ သူ၏လုပ်ကိုင်၊ ပြောဆိုမှုမှန်သမျှဟာ ဥပဒေကို လေးစားတန်ဖိုးထားပြီး အခြား ပြည်သူကို မထိခိုက်စေရပါ။ ပြီးတော့ မိမိရဲ့ကံ(၃)ပါးကြောင့် အများကို ဖွံ့ဖြိုးစေရပါမယ်။ နိုင်ငံသားတိုင်းဟာလည်း ကိုယ့်လိုတန်းတူအခွင့်အရေးရှိပါတယ်ဆိုတာ လက်ခံရပါမယ်။ အဲဒီလိုပါပဲ နိုင်ငံမှာ ဘယ်အဖွဲ့အစည်းမှ အခွင့်အရေးပိုယူခွင့်မရှိပါ။ သူ့လုပ်ပိုင်ခွင့်ကို ကိုယ်ကလေးစားရပါမယ်။ ကိုယ့်လုပ်ပိုင်ခွင့်ကိုလည်း ကာကွယ်နိုင်ရပါမယ်။ သူများလုပ်ပိုင်ခွင့်ကို မစွက်ဖက်ရပါ။

ဒီမိုကရေစီ လူ့အဖွဲ့အစည်းဟာ **“မတူကွဲပြားမှုရဲ့ ညီညွတ်စွမ်းအား”** (Diversity and Unity) ကို ယုံတယ်၊ လက်ခံတယ်၊ အတူတကွပူးပေါင်းဆောင်ရွက်တယ်။ ယနေ့ စာရေးသူတို့ တစ်တွေဟာ အာဏာရှင်စနစ်ကို ပြင်ချင်ကြလို့ **“ဒီမိုကရေစီ”** လမ်းစဉ်ကို သွားတာပါ။ ပါတီအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုး (Diversity) ကို ထူထောင်ခွင့်ပေးတာပါ။ ပါတီစုံ၊ အဖွဲ့အစည်းစုံကို တည်ထောင်ခွင့် မှတ်ပုံတင်ခွင့်ပြုပြီး ဥပဒေနှင့်အညီ လှုပ်ရှားခွင့်ပြုနေပါတယ်။ အဲဒီယဉ်ကျေးမှုထွန်းကားအောင် ဦးတည်တာပါ။ မတူကွဲပြားမှုကို လက်ခံနိုင်စွမ်းရှိတဲ့ယဉ်ကျေးမှုကို ပညာရေးက မဖြစ်မနေလေ့ကျင့်ပေးရပါလိမ့်မယ်။ ပညာရေးခိုင်မာမှုအတွက်တော့ **“သူတက်လာတစ်မျိုး” “ငါတက်လာတစ်ဖုံ”**မဖြစ်ဖို့ အားလုံးရည်ရွယ်လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် **“နိုင်ငံနှင့်လူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့၊ စံတွေနှင့် အံဝင်ခွင်ကျပြီး ရေရှည်ဖွံ့ဖြိုးမှုကို အခြေပြုတဲ့ ပညာရေးဥပဒေ”** ရှိကိုရှိရပါမယ်။ အဲဒီဥပဒေဟာ ယနေ့နိုင်ငံသားတွေကြားချင်နေတဲ့ ဒီမိုကရေစီစကားလုံးတွေကြွယ်ကြွယ်သုံး (only words) တဲ့ ဥပဒေမျိုး မဖြစ်သင့်ပါဘူး။ ပြည်သူပြည်သားကောင်းစစ်စစ် (Good Citizen) ကို မွေးထုတ်ပေးနိုင်စွမ်းရှိတဲ့ ဥပဒေမျိုးဖြစ်ရပါမယ်။ နိုင်ငံသားကောင်းစစ်စစ်တစ်ဦးရဲ့ အလေ့အကျင့်နှင့် စိတ်ထားပိုင်ဆိုင်ပြီဆိုရင် ဒီမိုကရေစီအကျင့်နှင့်ဓလေ့ဟာ ကျွဲကူးရေပါဆိုသလို နိုင်ငံသားတိုင်းမှာ ရှိပြီးဖြစ်ပါပြီ။

အများပြည်သူ လေ့လာအကြံပေးရန်ဆိုပြီး သတင်းစာထဲပါလာသည့် **“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လေ့လာမိတဲ့အခါမှာ ဒီမိုကရေစီလူ့အဖွဲ့အစည်းရဲ့ ဆန့်ကျင်ဘက်သမဂ္ဂအာဏာရှင် စနစ်ထူထောင်တဲ့လမ်းဆီ ဦးတည်နေတာကို တွေ့နေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရာတကာမှာ **“ဆရာများသမဂ္ဂ” “ကျောင်းသားသမဂ္ဂ”** ဆိုတာတွေ နေရာဝင်ယူထားတာကိုသာ တွေ့နေလို့ပါ။ ဒီမိုကရေစီလူ့အဖွဲ့အစည်းရဲ့မတူကွဲပြားမှုကို လက်ခံကျင့်သုံးခြင်းဆိုတာနှင့် သွေဖည်ပြီး တစ်ပါတီတစ်ဖွဲ့တည်းသာရှိရမယ်ဆိုတဲ့ ဦးတည်ချက်ဆီသွားနေလို့ပါ။ အဲဒါဟာ **“အာဏာရှင်”** စနစ်ပဲမဟုတ်ပါလား။ မဆလခေတ်မှာ တစ်ပါတီတည်းပါ။ အဲဒီတုန်းက မဆလပါတီဝင်တွေ ဟိုနေရာလည်းသူတို့၊ ဒီနေရာလည်း သူတို့ပါဝင်နေတာ အားလုံးအသိပါ။ သူတို့အာဏာထူထောင်ချင်လို့ပါ။ ယနေ့မှာ ပါတီပေါင်းစုံ ထူထောင်ခွင့်ပြုနေတဲ့ခေတ်ပါ။ ကျောင်းတွေမှာ ဆရာသမဂ္ဂတစ်ခုတည်း၊ ကျောင်းသားသမဂ္ဂတစ်ဖွဲ့တည်းသာ ဥပဒေဖြင့်ဖွဲ့စည်းခွင့်ရှိပြီး စိုးမိုးခြယ်လှယ်ရမည့်ခေတ် မဟုတ်တော့ဘူးဆိုတာ ဥပဒေရေးဆွဲသူတွေက အရင်ဆုံးသိရမှာပါ။ အုပ်စုဖွဲ့၊ ဗိုလ်ကျမှု၊ စိုးမိုးမှုတွေကင်းရပါမယ်။ “ဆရာများရဲ့ **တခြားအဖွဲ့အစည်း”**တွေ၊ **“ကျောင်းသားများရဲ့ အဖွဲ့အစည်းအစုံစုံ”** ကို ထူထောင်ခွင့်ရှိပြီး လေးစားအသိအမှတ်ပြုရမည့်ခေတ်ပါ။ ငါ့လိုဥပဒေနှင့်အညီ သူတို့လည်း လွတ်လပ်စွာ ဖွံ့ဖြိုးခွင့်ရှိပါတယ်။ အဲဒါကို ကြည်ဖြူစွာ လက်ခံနိုင်ရပါမယ်။ လက်ခံနိုင်စွမ်းမရှိခဲ့သူအားလုံးဟာ ဒီမိုကရေစီဘက်တော်သားမဟုတ်ဘဲ အာဏာရှင်စနစ်ကို ထူထောင်လိုတဲ့သူတွေပါ။ ပြင်ဆင်သည့်ဥပဒေကြမ်းမှာ ဆရာနှင့် ကျောင်းသားသမဂ္ဂများ ပါဝင်နေရာယူ လွှမ်းမိုးထားသလဲဆိုတာကိုကြည့်ရင် သိနိုင်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းတွင် သမဂ္ဂက စုစုပေါင်း ၁၄ နေရာ အာဏာယူထားပါတယ်။ ယင်းတို့မှာ ပုဒ်မ ၉၊ ၁၀၊ ပုဒ်မ ၁၃(ဂ) (ဃ)၊ ပုဒ်မ ၂၂ (က)(ကက) (ငင)၊ ပုဒ်မ ၂၂(ခ)(ခခ)၊ ပုဒ်မ ၂၂(ဂ) (ကက)၊ ပုဒ်မ ၂၂(ဆ)(ခခ)(ငင)၊ ပုဒ်မ ၄၃ (က) (ကက)၊ ပုဒ်မ ၅၈(က)၊ ပုဒ်မ ၆၂(ခ) နှင့်ပုဒ်မ ၇၂ တို့ဖြစ်ပါတယ်။ ယင်း (၁၄) နေရာအနက်မှ တချို့ကိုဖော်ပြရလျှင် ပုဒ်မ ၁၃ **“(ဂ) ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြေညာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲအတည်မပြုမီ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သော ပညာရှင်များ၊ ပညာရေးဆိုင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရေး”**၊ အစိုးရဆိုတာ ပညာရှင်နှင့် ပြည်သူ့ဆီက အကြံယူကောင်းယူမယ်၊ ဒါပေမယ့် အစိုးရဟာ ငါတို့ဆီက အကြံယူရမည်ဆိုတဲ့ ဥပဒေမျိုးဟာ အာဏာရှင်လေသံပေါက်နေ၍ မဖြစ်သင့်ပါ။ ယင်းအပိုဒ် (ဃ) တွင် **“ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရေး”** ဆိုထားပါတယ်။ ဒီအချက်ဟာ လွတ်လပ်စွာဆိုသော်လည်း ဥပဒေနဲ့အညီသာ ဖြစ်ရပါမယ်။ ဥပဒေနှင့်မညီရင် လွတ်လပ်လွန်းခြင်းဆိုတဲ့ စည်းမဲ့ကမ်းမဲ့ဖြစ်မှာမို့ တက္ကသိုလ်ပဋိညာဉ်အရသာ ဖွဲ့စည်းခွင့်ပြုသင့်ပါတယ်။ ပြီးတော့ ယနေ့ပြောနေတဲ့ မြေလတ်ကျောင်းသားသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတို့ကျတော့ **“အသင်းအဖွဲ့”** နှင့်ဆိုင်သော ဥပဒေများအရသာ ဖြစ်သင့်ပါတယ်။ ပြီးတော့လည်း ကျောင်းသား၊ ဆရာများ၏ အခြားအဖွဲ့အစည်းများ ထူထောင်ခွင့် ဥပဒေမှာမပါလို့ဆိုပြီး အမျိုးမျိုးသော သမဂ္ဂနှင့် အဆင့်အတန်းတူသော ဆရာ၊ ကျောင်းသား အဖွဲ့များဖွဲ့စည်းရာမှာ ငြင်းပယ်ခံရနိုင်ပါတယ်။ ပုဒ်မ ၂၂(ခ) ဆရာ၊ ဆရာမများသည် **“(ခခ)တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များတွင်ဆရာသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်”** ဟု ဖော်ပြချက်ပါဝင်ပါတယ်။ စာရေးသူနားလည်သလောက် လက်ရှိတက်နေတဲ့ ကျောင်းသားနှင့်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာကိုယ်စားလှယ် ပါဝင်ခွင့်မရှိကြောင်း၊ ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေနှင့် ၁၉၅၈ ခုနှစ် မန္တလေးတက္ကသိုလ်အက်ဥပဒေများတွင် ဆိုထားတော့ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂကိုယ်စားလှယ်ဆိုတော့ သာတောင်ဝေးပါသေးတယ်။ ပါဝင်ခွင့်မရှိပါ။ (၈) ပုဒ်မ ၂၂ (ဂ) **“(ကက) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီသည် ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှလက်ခံသည့် လွတ်လပ်သော ပညာရှင်အနည်းဆုံး ပညာရှင်(၅)ဦး၊ လွှတ်တော်ကိုယ်စားလှယ်များမှရွေးချယ်သော ပညာရှင်(၂)ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင်(၂)ဦး ပါဝင်ဖွဲ့စည်းမည်”**သတဲ့။ အာဏာရှင်စနစ်ထူထောင်မှုကို ထင်ထင်ရှားရှား ပြထားတဲ့ပုဒ်မပါ။ ပညာရေးဝန်ကြီးဌာန(အစိုးရအဖွဲ့အစည်း)ထက် သူတို့ အဆိုပြုသူ အရေအတွက်က ပိုများနေလို့ပါ။ နိုင်ငံတကာမှာ အစိုးရကသာ ဦးစီးရေးဆွဲကြတာပါ။ ပုဒ်မ ၄၃(က) **“(ကက) ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အဆိုပြုထောက်ခံတင်ပြသည့် လွတ်လပ်သောပညာရှင်အနည်းဆုံး (၅) ဦး”**၊ ပုဒ်မ၅၈ **“၅၈။ (က) ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီကို အောက်ပါအတိုင်း အနည်းဆုံး (၉) ဦးဖြင့် လွတ်လပ်သောအဖွဲ့အဖြစ်ဖွဲ့စည်းရမည်။ (ကက) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့်ပညာရှင်များအနည်းဆုံး (၅) ဦး”** ဟု ပါရှိပါတယ်။ ယခုပုဒ်မက သမဂ္ဂအာဏာထူထောင်ရေးကို ထပ်မံအတည်ပြုထားတာပါ။ ပုဒ်မ ၇၂ တွင် **“ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ရာတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ မိဘများ၊ လွတ်လပ်သောပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူထည့်သွင်းရမည်”** ဆိုပြီး အစိုးရရဲ့လုပ်ပိုင်ခွင့်ကို တစ်တိုင်းပြည်လုံးနှင့်သက်ဆိုင်မှုမရှိသော တတိယပါတီက ဝင်ရောက်စွက်ဖက်မှုကိုခွင့်ပြုထားသည့် ပညာရေးဥပဒေမျိုးနိုင်ငံတကာမှာရှိလျှင် ရှာပေးကြပါဟုသာ မေးပါရစေ။ သမဂ္ဂအဖွဲ့အစည်းတစ်ခုတည်းက နေရာ (၁၄) နေရာမှာ လုပ်ပိုင်ခွင့်အပ်နှင်းထားတာကို ပြည်သူတွေမြင်ပါလိမ့်မယ်။ ဒါကြောင့်မို့ သမဂ္ဂအာဏာရှင်စနစ်ထူထောင်ဖို့လားလို့ မေးရတာပါ။

ပြင်ဆင်သည့် ဥပဒေကြမ်းမှာဖော်ပြထားသည့် အထက်ပါအချက်များကိုခြုံလျှင် (က)ကျောင်းသားထုအတွင်း (သို့) ဆရာထုအတွင်းတွင် သမဂ္ဂတစ်ဖွဲ့တည်းသာ ထူထောင်ခွင့်ရှိခြင်း (ခ) အဲဒီလိုဆရာတစ်ဖွဲ့တည်းနှင့် ကျောင်းသားတစ်ဖွဲ့တည်းတို့မှ ကိုယ်စားလှယ်များသာ ပညာရေးဆောင်ရွက်တဲ့ အဖွဲ့အစည်းများမှာဆောင်ရွက်ခွင့်ကိုယူခြင်း၊ စွက်ဖက်ခြင်းဆိုတဲ့ သမဂ္ဂ သြဇာအာဏာထူထောင်လိုခြင်းနှင့် (ဂ) မူကြိုကျောင်းမှသည် ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၏ လုပ်ပိုင်ခွင့်များကို ဝင်ရောက်စွက်ဖက်ခြင်း(အထူးသဖြင့် ပုဒ်မ ၇၂) ဆိုတဲ့ အချက်(၃)ချက်ကို သွားတွေ့မိပါတယ်။ တကယ်ဆို ဒီမိုကရေစီလူ့အဖွဲ့အစည်းမှာ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂလည်းဖွဲ့ခွင့်ရှိသလို ကျောင်းသားအရေး၊ ဆရာအရေး ကိစ္စများကိုဆောင်ရွက်ရန် သမဂ္ဂအဖွဲ့အစည်းများနှင့်အဆင့်တန်းတူ အခြားဆရာနှင့်ကျောင်းသားအဖွဲ့အစည်းများလည်း ဖွဲ့စည်းပိုင်ခွင့်ရှိရပါမယ်။ အခြေခံပညာနှင့်တက္ကသိုလ်တွေမှာ ဆရာ ဆရာမ၊ ကျောင်းသူကျောင်းသားတွေအပြင် ဝန်ထမ်းတွေလည်းရှိသေးတာမို့ ဝန်ထမ်းအဖွဲ့အစည်းတွေလည်း ဖွဲ့စည်းခွင့်ရှိရပါမယ်။ ပြီးတော့ ဘယ်အဖွဲ့ကိုယ်စားလှယ် (ကျောင်းသား၊ ဆရာသမဂ္ဂ ကိုယ်စားလှယ်)မှ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ခွင့်မရှိဘူးဆိုတာ သမိုင်းကိုလေ့လာရင်တွေ့နိုင်ပါတယ်။ ပြီးတော့ မူလအမျိုးသားပညာရေးဥပဒေ အခန်း(၄)တစ်ခုလုံးကို ဗဟိုထိန်းချုပ်မှုကြီးရှိတဲ့ **“အမျိုးသားပညာရေးကော်မရှင်”** ဆိုပြီး ကျောင်းသားများ ဆန္ဒပြတောင်းဆိုသည့်တစ်ချိန်လုံး ထောက်ပြပြီးဖြုတ်ခဲ့ပါတယ်။ တကယ်တော့ စာရေးသူအမြင် (သေသေချာချာ လေ့လာသူဆိုရင်လည်း စာရေးနှင့်အမြင်တူလိမ့်မယ်လို့ယုံကြည်ပါတယ်။)အားဖြင့် **“စည်းလွတ်၊ ဝါးလွတ်”** ဖြစ်မှာစိုးလို့ ထိုင်းနိုင်ငံအမျိုးသားပညာရေးဥပဒေ (၁၉၉၉) ကို နမူနာယူပြီး ထည့်သွင်းခဲ့တာပါ၊ **“မူဝါဒချမှတ်ခြင်း”၊ ပေါင်းစပ်ညှိနှိုင်းခြင်း”၊ “မူဝါဒ၊ စီမံကိန်းအကောင်အထည်ဖော်မှုကို အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်း၊ အကြံပြုခြင်း”** ကိုသာ ဆောင်ရွက်နိုင်တဲ့အဖွဲ့ အစည်းပါ။ ထိန်းချုပ်တဲ့သဘောတစ်ခုမှမပါတဲ့ အဖွဲ့အစည်းဖြစ်ပြီး ကော်မရှင်၏လုပ်ငန်းတာဝန်မှာ (၈)ခုကိုလေ့လာလျှင် အထက်ပါ(၃)ချက်သာ တွေ့နိုင်ပါတယ်။ အဲဒီအဖွဲ့အစည်းအစား ယခုပြင်ဆင်သည့် ဥပဒေတွင် သမဂ္ဂက (၁၄) နေရာ အာဏာယူထားပါတယ်၊ အဲဒီလို **“သမဂ္ဂအဖွဲ့အစည်းတစ်ခုတည်းကိုသာ (အခြားအဖွဲ့အစည်းများ၊ ဥပဒေအရ ထူထောင်ခွင့်နှင့် ပါဝင်ခွင့်မရှိသည့် သဘောရောက်နေသည်) နေရာတကာခြယ်လှယ်ခွင့် ပေးထားသဖြင့် သမဂ္ဂအာဏာရှင်စနစ်ကို ထူထောင်လိုမှုကို အားပေးသည့်ပညာရေးဥပဒေ”** မျိုးတော့ မဖြစ်လည်း မဖြစ်သင့်သလို နိုင်ငံသမိုင်းမှာ အမည်းကြောင်းထင်ရစ်မှာစိုးလို့ မရှိသင့်ပါ။

သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမိဘပြည်သူများ၊ ဥပဒေပညာရှင်များ၊ ဆရာများ၊ ကျောင်းသားများနှင့် မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကိုလိုလားသူများခင်ဗျာ ပြင်ဆင်သည့်ဥပဒေမူကြမ်းတွင် ထည့်သွင်းပြင်ဆင်ထားမှုများကြောင့် **“အစွန်းရောက်သည့် လွတ်လပ်မှုမျိုးမဖြစ်စေရန်”**အတွက် နိုင်ငံနှင့်မြန်မာ့လူ့အဖွဲ့အစည်း၏ ရေရှည်အကျိုးစီးပွားကိုထောက်ပြီးဝိုင်းဝန်းကာကွယ်ပေးကြပါဟု မေတ္တာရပ်ခံတိုက်တွန်းလိုပါသည်။

ပြည်တွင်းသတင်း

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများနှင့် ဌာနေပြန်ကြမည့် ပြည်သူများအား တွေ့ဆုံအားပေး



**နေပြည်တော် မတ် ၈**

လားရှိုးမြို့၌ ရောက်ရှိနေသော ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် မတ် ၇ ရက် နံနက်ပိုင်းတွင် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ သွားရောက်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပုညနန္ဒနှင့်အတူ တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက် လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ပေး၍ လားရှိုးမြို့မှမန္တလေးမြို့သို့ မော်တော်ယာဉ်များ စီစဉ်ပေးခဲ့ပြီး မန္တလေးမှတစ်ဆင့် ၎င်းတို့နေထိုင်ရာ နေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာဝန်ထမ်းဆောင်နေရာမှ ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် နယ်မြေတည်ငြိမ်မှုပျက်ပြားခဲ့သဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိလာကြသည့် နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံ့ဝန်ထမ်းများသည် ကိုးကန့်ဒေသ၌ တာဝန်ထမ်းဆောင်နေစဉ် ကိုးကန့်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နယ်မြေတည်ငြိမ်မှုပျက်ပြားခဲ့ရပြီး ပညာရေးဝန်ထမ်းများအပါအဝင် အခြားဝန်ထမ်းများ၊ ဒေသခံများ ဒုက္ခရောက်ခဲ့ရကြောင်း။

နယ်မြေတည်ငြိမ် အေးချမ်းစေရန်အတွက် တပ်မတော်ကို တာဝန်ပေးအပ်ထားပါကြောင်း၊ နိုင်ငံ့တာဝန်များကို စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာ၊ ဆရာမများကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးစားပမ်းစားဖြင့် စေတနာအရင်းခံထား၍ သင်ကြားပေးခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

ဒေသအတွင်းအုပ်ချုပ်မှု စနစ်တကျဖြစ်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန်အတွက် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာတတ်မှသာ ဆင်ခြင်တုံတရားရှိမည်ဖြစ်၍ ပညာတတ်များဖြစ်အောင် သင်ကြားပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးမှုနှင့် သောင်းကျန်းသူချုပ်ငြိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမ ၈၉ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၈၉ သိန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် ငွေကျပ် ၂၇ သိန်း သုံးသောင်းကို ရှမ်းပြည်နယ်ဝန်ကြီး ဒေါက်တာမျိုးထွန်းကလည်းကောင်း ပေးအပ်ရာ ဆရာ ဆရာမများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးစီက လက်ခံရယူကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဆရာ၊ ဆရာမများအနေဖြင့် မူလကထားရှိပြီးဖြစ်သည့် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြရန်၊ ဖွဲ့မလျှော့ကြရန်နှင့် ယခုဖြစ်စဉ်သည် ဘဝအတွေ့အကြုံတစ်ခုရရှိသည်ဟု ခံယူကြရန်လိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဟူသော မွန်မြတ်သော စိတ်ကောင်းထားရှိ၍ ပညာရေးကဏ္ဍတွင် နောက်ကျကျန်ခဲ့သည့် ဒေသများ မကျန်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မတ် ၆ ရက်တွင် လားရှိုးမြို့သို့ ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများမှာ စုစုပေါင်း ၃၁၂ ဦး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၈**

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၏ အကြံပြုချက်များကို ကြားနာခဲ့သည်။

ဥပဒေကြမ်း ကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး နိုင်ငံရေးပါတီ (၈) ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးများက သက်ဆိုင်ရာပါတီများအလိုက် ကိုယ်စားပြုတက်ရောက်ဆွေးနွေး အကြံပြုခဲ့ကြသည်။

ထိုသို့ ကြားနာဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက လွှတ်တော်အတွင်းတွင် ဥပဒေကြမ်းတစ်ခုကို ဥပဒေပြုရန် လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ခြင်းများကို အကျယ်တဝင့် ရှင်းလင်းပြီး နိုင်ငံရေးပါတီအသီးသီးတွင် နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ မူဝါဒများရှိပါကြောင်း၊ ထိုသို့ မူဝါဒများရှိသည့် နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကို ရယူလို၍ ယခုကဲ့သို့ ဖိတ်ကြားရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးထွန်းနိုင်၊ ကယားလူမျိုးစု ဒီမိုကရေစီပါတီအတွင်းရေးမှူး ဦးစိုင်းနိုင်နိုင်ထွေး၊ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီဥက္ကဋ္ဌ ဦးအေးကြိုင်၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီဒုတိယဥက္ကဋ္ဌ ဦးသိမ်းကြည်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးစိုးမောင်၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးပိုင်ဆာ့ခ်နှင့် ညီညွတ်သောဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးလှမြင့်တို့က အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့ပါတီ၏ သဘောထားအမြင်များ၊ အတွေ့အကြုံများအပေါ်အခြေခံ၍ ဆွေးနွေးအကြံပြုကြသည်။



**(သတင်းစဉ်)**

# ကိုရီးယားသို့သွားရောက်လုပ်ကိုင်သော မြန်မာလုပ်သားတို့၏ခံစားခွင့်နှင့် အပြန်စရိတ်ထုတ်ယူရန် နှိုးဆော်

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် နဂါးရုံဘုရားလမ်းနှင့် ပြည်လမ်းထောင့်ရှိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၌ ကိုရီးယားသမ္မတနိုင်ငံသို့ အထွေထွေလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်၍ ပြန်လည်ရောက်ရှိလာကြသော မြန်မာလုပ်သားများ၏ ကျန်ရှိနေသည့် လုပ်သက်ခံစားခွင့်နှင့် အပြန်စရိတ်များကို ထုတ်ယူနိုင်ရန် အဆိုပါ (အေဂျင်စီ)ရုံးသို့ ဆက်သွယ် စာရင်းပေးသွင်းကြရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အစိုးရပြည်ပ အလုပ်အကိုင် အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်က "ကိုရီးယားမှာ အလုပ်လုပ်ပြီး အကြောင်းအမျိုးမျိုးနဲ့ပြန်လာတဲ့ အလုပ်သမားတွေထဲမှာ လုပ်သက်ခံစားခွင့်နဲ့ အပြန်စရိတ်ထုတ်မလာသူတွေရှိတယ်။ ဒါတွေကို အမြန်ဆုံးထုတ်ယူဖို့ ကိုရီးယားနိုင်ငံဘက်က အကြောင်းကြားတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒီအလုပ်သမားတွေ အားလုံးကို ဆက်သွယ်လို့ မရသေးပါဘူး။ ဒါကြောင့်(အေဂျင်စီ)ကို အမြန်ဆုံးလာရောက်ဆက်သွယ်စာရင်းပေးဖို့ စေချင်ပါတယ်။ လုပ်သက်ခံစားခွင့်နဲ့ အပြန်စရိတ်ထုတ်ဖို့ ကျန်ရှိနေတဲ့ မြန်မာအလုပ်သမားဦးရေ ကျား ၅၀၀ ကျော်ရှိနေပါသေးတယ်။ လုပ်သက်နှစ်အလိုက် အကျိုးခံစားခွင့်ငွေပမာဏ ကွာခြားမှုလည်းရှိတာကြောင့် အချို့ဆိုရင် မြန်မာကျပ်ငွေသိန်း ၂၀ ကျော်ခန့် ရရှိမှာဖြစ်ပါတယ်။



အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီရုံးရှေ့ ကိုရီးယားနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့်သူများ မှတ်ပုံတင်လျှောက်လွှာ တင်သွင်းနေသည်ကို တွေ့ရစဉ်။

ထုတ်ယူရန် ကျန်ရှိနေတဲ့ အလုပ်သမားများ ရသင့်ရထိုက်တဲ့ အကျိုးခံစားခွင့်နှုန်းထားများကို www.mol.gov.com မှာ ကြည့်ရှုနိုင်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံ အစိုးရနှင့် ကိုရီးယားနိုင်ငံအစိုးရ အလုပ်သမားဝန်ကြီးဌာနတို့ သဘောတူလက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ (MoU) အရ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီအနေဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်အကုန်ထိ မြန်မာလုပ်သား ၉၆၀၀ ကျော်ကို စေလွှတ်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်အတွင်း ၄၄၀၀ ခန့် အများဆုံးစေလွှတ်နိုင်ခဲ့သည်။ ကိုရီးယား အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံစေလွှတ်နိုင်ရေးအတွက် (အေဂျင်စီ)က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ထိုသို့စေလွှတ်ရာတွင် ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ (EPS- TOPIK) ဖြေဆိုအောင်မြင်ထားရန်လိုအပ်ပြီး အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှတစ်ဆင့် မှတ်ပုံတင်လျှောက်လွှာတင်သွင်းထားသူများကို ကိုရီးယားနိုင်ငံအလုပ်ရှင်များက စိတ်ကြိုက်ရွေးချယ်၍ အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်ကြရန် ခေါ်ယူခြင်းဖြစ်သည်။ ကိုရီးယားနိုင်ငံအနေနှင့် ပြည်ပနိုင်ငံများမှ အလုပ်သမားခေါ်ယူမှုကို နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးထားသော နိုင်ငံပေါင်း ၁၅ နိုင်ငံရှိသည့်အနက် ဗီယက်နမ်နိုင်ငံက အလုပ်သမားအများဆုံးခေါ်ယူထားကြောင်း အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ သိရသည်။

**(၀၁၅)**

ပြည်တွင်းသတင်း




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းနှင့် တာဝန်ရှိသူများ ခင်းကျင်းပြသထားသည့် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးထုကို ကိုယ်စားပြုသည့်နေ့အဖြစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ကျင်းပကြပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည့် မိမိတို့နိုင်ငံတွင်လည်း မြန်မာအမျိုးသမီးထု၏အခန်းကဏ္ဍ အရေးပါမှုကို ထင်ဟပ်ပေါ်လွင်စေရန် ယခုကဲ့သို့ နိုင်ငံတော် အခမ်းအနားအဖြစ် တခမ်းတနား ကျင်းပရခြင်းဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးသည့် ဦးတည်ချက်ဆောင်ပုဒ်မှာ "လူသားအားလုံး တိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့"ဖြစ်ပါကြောင်း၊ မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်နေသကဲ့သို့ စိန်ခေါ်မှုပေါင်းများစွာနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ပြတည်ထောင်မှုများ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများသည် မကြုံစဖူး ထူးထူးကဲကဲဖြစ်ပေါ် တိုးတက်နေပါကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာတိုးတက်မှုသည်လည်း ကမ္ဘာမြေကြီးကို ပိုပြီးသေးငယ်သွားသယောင်ထင်ရပါကြောင်း၊ ကမ္ဘာနှင့်အဝန်းတွင် သဘာဝပတ်ဝန်းကျင်၏ ခြိမ်းခြောက်မှုဒဏ်ကို အလူးအလဲရင်ဆိုင်တုံ့ပြန်နေကြရပြီး ကမ္ဘာကြီးတစ်ခုလုံးသည် လျင်မြန်စွာပြောင်းလဲနေပြီဖြစ်ပါကြောင်း၊ ထိုသို့ အပြောင်းအလဲကာလတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးရှိသည့် အမျိုးသမီးများ၏ ဖန်တီးနိုင်မှုစွမ်းပကားသည် အင်မတန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း။

မြန်မာ့ရာဇဝင်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ပါက ကိုလိုနီခေတ်လွတ်လပ်ရေး ကြိုးပမ်းမှုကာလတစ်လျှောက်တွင် လွတ်လပ်ရေးအတွက် အမျိုးသားများနှင့် တန်းတူ လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးများ၊ အမျိုးသားရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့ကြသည့် အမျိုးသမီးခေါင်းဆောင်များအပြင် စာပေ၊ အနုပညာ၊ ဥပဒေရေးရာ၊ ဆေးပညာနှင့် အခြားလူမှုရေးနယ်ပယ်များတွင် အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွန်းခဲ့သည်မှာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ ဂုဏ်ယူမဆုံးဖြစ်ရသည့် သမိုင်းမှတ်ကျောက်များပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့ကို အဓိကအခြေခံသည့် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ဖော်ဆောင်နေသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်နေရသည့် နိုင်ငံတစ်နိုင်ငံတွင် အမျိုးသား၊ အမျိုးသမီး တန်းတူညီရေးသည်လည်း အလွန်အရေးကြီးပြီး အခြေခံကျသည့် ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ အမျိုးသမီးများ နိုင်ငံရေးတွင် တန်းတူညီမျှပါဝင်နိုင်ရေးအပြင် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများတွင်လည်း တန်းတူညီမျှရရှိရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် မြန်မာအမျိုးသားများ၏ မျှော်မှန်းသက်တမ်းသည် ၆၃ ဒသမ ၅၇ နှစ်ဖြစ်ပြီး မြန်မာအမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းသည် ၆၈ ဒသမ ၄၆ နှစ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံ သက်ကြီးဝါကြီးများအဖြစ် အသိအမှတ်ပြုထားသည့် အသက် ၁၀၀ နှင့်အထက် ဘိုးဘွား ၆၀၀ကျော်အနက် ၇၀ ရာခိုင်နှုန်းသည် အဘွားများသာဖြစ်ပါကြောင်း၊ ယင်းအချက်များကို ထောက်ရှုခြင်းဖြင့် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုနေသည့် မြန်မာအမျိုးသမီးများသည် အမျိုးသားများထက် အသက်ပိုရှည်ပြီး ကျန်းမာ ကြံ့ခိုင်မှုရှိသည်ဆိုသည့် ဂုဏ်ရည်ကို ပိုင်ဆိုင်ထားကြပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက်က စွမ်းရည်ထက်မြက်ကြသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုကို အတုယူပြီး မျိုးဆက်သစ်မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း။

မျက်မှောက်ခေတ်တွင် တစ်နိုင်ငံလုံးတွင်ရှိသည့် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကျေးလက်ဒေသများပါမကျန် လွှမ်းခြုံဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် လုပ်ငန်းကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ ယင်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းစသည့်အသင်းကြီးများက အားသွန်ခွန်စိုက် လှုပ်ရှားဆောင်ရွက်ကြသကဲ့သို့ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများပါဝင်သည့် ကျား/မရေးရာ တန်းတူ ညီမျှရေး ကွန်ရက်အဖွဲ့များကလည်း အမျိုးသမီးများ တွေ့ကြုံခံစားနေသည့် အခက်အခဲပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမိပါကြောင်း။

ယနေ့လက်ရှိ နိုင်ငံရေးအခင်းအကျင်းတွင်လည်း ပြည်ထောင်စုဝန်ကြီး တာဝန်ကိုထမ်းဆောင်နေသည့် အမျိုးသမီးများ၊ ဒုတိယဝန်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အဆင့်မြင့် အရာရှိကြီးများသည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများတွင် ဦးဆောင်လုပ်ကိုင်နေကြပြီဖြစ်သကဲ့သို့ ဥပဒေပြုရေးဘက်တွင်လည်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးနေကြသည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍအသီးသီးတွင် ပိုမိုထိရောက်သည့် မူဝါဒပိုင်းဆိုင်ရာ အကြံဉာဏ်ပေးနိုင်ရန်အတွက် ဖွဲ့စည်းထားသည့် ကော်မတီများတွင်လည်း အမျိုးသမီးများပါဝင်နေပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင်လည်း ဘွဲ့ရအမျိုးသမီးအရာရှိများ ပါဝင်ထမ်းရွက်နေကြပြီဖြစ်ပါကြောင်း။

ခေတ်အဆက်ဆက် စွမ်းရည်ထက်မြက်ခဲ့သည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုများကို အားကျအတုယူပြီး အမျိုးသမီးထုတစ်ရပ်လုံး ဘဝလုံခြုံမှုရရှိရန်နှင့် စွမ်းရည်မြင့်မားတိုးတက်လာအောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း၊ ကဏ္ဍစုံတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ပါဝင်ဆောင်ရွက်နိုင်ရန် အမျိုးသမီးတိုင်း စာတတ်မြောက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝရေးကိုရှေးရှုပြီး လေ့လာကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားပြီး ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် မြန်မာအမျိုးသမီးထု၏ စွမ်းပကားကို ရဲရဲဝံ့ဝံ့ဖော်ထုတ်၍ နိုးကြားတက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ "လူသားအားလုံးတိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကြီးကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ကျား၊ မ မဟူ အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ၁၀ နှစ်စီမံကိန်းအား သက်ဆိုင်ရာဧရိယာအလိုက် စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေအား အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှု၊ အမျိုးသမီးအခွင့်အရေးများ၊ လူကုန်ကူးမှု တားဆီးရေးနှင့် ကျား/မ တန်းတူညီမျှဆိုင်ရာ အသိပညာပေးမှု၊ အမျိုးသမီးရေးရာကော်မတီများ ကျေးလက်ဒေသအထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်နေမှု၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမျိုးသမီးအခွင့်အရေးများကို ပိုမိုမြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာအမျိုးသမီးများသည် မြန်မာ့လူ့ဘောင်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးရာတွင် လည်းကောင်း၊ နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများဖြစ်ရန် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးရာတွင် လည်းကောင်း၊ ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင်လည်းကောင်း ကျရာတာဝန်များကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့်အတွက် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားကို အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်ပြီး ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို UNFPA မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စ ဂျနက် ဂျက်ဆင်က ဖတ်ကြားသည်။

အခမ်းအနားအပြီးတွင် ဂုဏ်ထူးဆောင်နာယကနှင့် ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းများမှ ထုတ်လုပ်သည့် ထွက်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ကျိုင်းတုံပြည်သူ့ဆေးရုံ၌ ရင်ချင်းဆက်ယောက်ျားလေးအမွှာမွေးဖွား

**ကျိုင်းတုံ မတ် ၈**

ကျိုင်းတုံမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၏ သမိုင်းမှတ်တမ်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ရင်ချင်းဆက်အမွှာယောက်ျားလေးနှစ်ဦးအား ထူးခြား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ရင်ချင်းဆက်အမွှာ၏ မိခင်မှာမနန်းခမ်းနွမ်း (၁၈ နှစ်) ဖြစ်သည်။ ၎င်း၏ခင်ပွန်းမှာ ကိုစိုင်းဆောင်ဖြစ်ပြီး ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်ဟုတ်ရွာတွင်နေထိုင်ကြသော ရှမ်းတိုင်းရင်းသားဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ မိခင်ဖြစ်သူ မနန်းခမ်းနွမ်းအား အထူးကြပ်မတ်ကုသဆောင်တွင် ထားရှိပြီး ဆေးကုသမှုခံယူလျက်ရှိသည်။ "နေကောင်းလား" ဟု ရှမ်းစကားဖြင့် နှုတ်ဆက်မေးမြန်းရာတွင် "ယင်းလီခ ယူလီ" (ကောင်းပါတယ် ကျေးဇူးတင်ပါတယ်)ဟု ပြုံးရွှင်စွာ နှုတ်ဆက်စကားပြောကြားခဲ့သည်။

ရင်ချင်းဆက်သားယောက်ျားလေး အမွှာကို ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဒေါ်မိုးသူဇာဆွေနှင့် သူနာပြုများက ရိုးရိုးမွေးဖွားပေးခဲ့ခြင်းဖြစ်သည်။ မွေးဖွားချိန်သည် မတ် ၇ ရက် နံနက် ၆ နာရီ ၄၉ မိနစ်ဖြစ်ပြီး နှစ်ယောက်ပေါင်း ကိုယ်အလေးချိန်မှာ ၂ ဒသမ ၈ ကီလိုဂရမ်ရှိ၍ ကလေးအထူးကုသဆောင်တွင် ထားရှိပြီး ၂၄ နာရီ အချိန်ပြည့်ဆရာဝန်နှင့်သူနာပြုများက ကြီးကြပ်ပြုစုပေးလျက်ရှိသည်။ မိခင်နှင့် ကလေးနှစ်ဦး၏ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်းနှင့် ရင်ချင်းဆက်ကလေးနှစ်ဦး၌ ချက်ကြိုးတစ်ခုသာပါရှိပြီး ချက်အထက်ပိုင်းနှင့် ရင်ညွန့်၏အောက်နေရာတွင် ဆက်နေခြင်းဖြစ်သည်ဟု ဒေါက်တာဦးရဲကျော်စိုးက ရှင်းလင်းပြောကြားသည်။

**ကြည်မင်းဦး**



ပြည်တွင်းသတင်း

# ရန်ကုန်ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ တိုးချဲ့ဆောက်လုပ်သည့် ဆိပ်ကမ်းခြောက်ခုအနက် ပထမဆုံးတည်ဆောက်ပြီးစီးသည့် အမှတ် (၁) အလုံ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖွင့်လှစ်

**နေပြည်တော် မတ် ၈**

ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ တိုးချဲ့ဆောက်လုပ်မည့် ဆိပ်ကမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သော မြန်မာစီးပွားရေး ကော်ပိုရေးရှင်း အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် တိုးချဲ့ကမ်းနားလမ်းသစ်ပေါ်ရှိ အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ဦးဟန်စိန်နှင့် မြို့တော်ဝန်ဦးလှမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှတ်တိုင်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်သည်တော်ကြီးများက မှတ်ဦးဆိုင်းဘုတ်နှင့်ကမ္ပည်းမော်ကွန်းအား အောင်သပြေ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်း Command Centre ရှိ CCTV Control Room ကို လှည့်လည်ကြည့်ရှုကြသည်။

၎င်းနောက် မဂ်လာမဏ္ဍပ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက အမှတ်(၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတည်ဆောက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ကို အထိမ်းအမှတ်တံဆိပ်များ ပေးအပ်ပြီး ဆိပ်ကမ်းသို့ ဆိုက်ကပ်ထားသည့် MV KOTA TAM PAM သင်္ဘော၊ MV THAI BINH 68 သင်္ဘောနှင့် MV ROYAL 16 သင်္ဘောသုံးစင်းတို့မှ သင်္ဘောကပ္ပတိန်များကို အထိမ်းအမှတ်အလံနှင့် ဂုဏ်ပြုအမှတ်တရလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်ခလုတ်နှိပ်၍ အချက်ပေးဥသြသံဖြင့် ဆိပ်ခံတံတားကို ဖွင့်လှစ်ပေးသည်။ ထိုသို့ အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် MV KOTA TAM PAM သင်္ဘောပေါ်မှ ကုန်သေတ္တာများအား Ship To Shore Crane ဖြင့် မ၍ Yard Tractor အပေါ်သို့ တင်ဆောင်ပြီး ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းကိုလှည့်လည်ကြည့်ရှုကြပြီး X-Ray Machine ဖြင့် ကုန်သေတ္တာများအားလက်တွေ့စစ်ဆေးနေမှုကို ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သော အမှတ်(၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသည် ရန်ကုန်ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ တိုးချဲ့ဆောက်လုပ်မည့် ဆိပ်ကမ်းခြောက်ခုအနက် ပထမဆုံးတည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သော ဆိပ်ကမ်းဖြစ်ပြီး မြန်မာ စီးပွားရေးကော်ပိုရေးရှင်း၏ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်သည်။ ဆိပ်ကမ်း၏ ဆိပ်ခံတံတားမှာ အလျား မီတာ ၆၀၀၊ ကုန်သေတ္တာလွှင်ပြင် ၄၅ ဒသမ ၁၈၃ ဧကကို ပူးတွဲပါဝင်တည်ဆောက်ထားသဖြင့် တန်ချိန် ၂၀၀၀၀ ရှိ ပင်လယ်ကူးသင်္ဘောကြီး သုံးစင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်မည်ဖြစ်ပြီး ကုန်သေတ္တာကိုင်တွယ်မှုအနေဖြင့် တစ်နှစ်လျှင် ကုန်သေတ္တာအလုံးရေ ၂၈၈၀၀၀ အထိ ဝန်ဆောင်မှု ပေးနိုင်စွမ်းရှိသည့်အတွက် ပြည်တွင်း/ပြည်ပ သင်္ဘောလိုင်း/ ကုမ္ပဏီများ၏ လိုအပ်ချက်နှင့်အညီ ခေတ်မီကုန်တင်/ ကုန်ချယန္တရားကြီးများဖြင့် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ကာ နိုင်ငံတော်၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှုကဏ္ဍကို ပိုမိုတိုးတက်လာစေရန် အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း ဖွင့်လှစ်ခြင်းအခမ်းအနားတွင် တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

## ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြော

**နေပြည်တော် မတ် ၈**

မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒေါက်တာကျော်သူနှင့် အဖွဲ့သည် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် လှည်းကူးမြို့နယ်နှင့် ပူးပေါင်းပြီး မတ် ၆ ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာသို့ သွားရောက်၍ ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်စေရေးပူးပေါင်းဆောင်ရွက်နိုင်ရန် ဟောပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ဒေါက်တာကျော်သူက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ရောဂါလက္ခဏာများ၊ ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများနှင့် ဇီဝလုံခြုံရေးဆောင်ရွက်မှုများစသည်တို့ကို ဟောပြောခဲ့ပြီး ဒေါက်တာကံငွေးက ကျွဲနွားများတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံရန်အတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်အောင်က ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဒေါက်တာ မင်းထက်က တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများနှင့် တိရစ္ဆာန်များမှ လူသို့ကူးစက်တတ်သော ရောဂါများအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ပြီး သိမှတ်ဖွယ်ရာ ကြက်ငှက်တုပ်ကွေးရောဂါ လက်ကမ်းစာစောင်များ၊ ပိုစတာများကို ဖြန့်ဝေခြင်းနှင့် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တရားမဝင်သစ်များ ဖမ်းဆီးရမိ

**တောင်တွင်းကြီး မတ် ၈**

တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် မတ် ၅ ရက် နံနက် ၃ နာရီက ပရပ်ကြယ်ကျေးရွာ အရှေ့ဘက်ခြောက်မိုင်ခန့်ရှိ ရန်ပယ်ဆည်အနီး၌ အခြားသားသစ်များ တင်ဆောင်မောင်းနှင်လာသည့် သစ်လှည်း ၁၆ စီးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ သစ်လှည်းများကို မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် သက်ဖြိုးဝေနှင့်အဖွဲ့ထံ အခြားသားသစ် ၁၆ လုံး၊ နွားလှည်း ၁၆ စီး၊ နွား ၃၂ ကောင်နှင့် သစ်လုံးပိုင်ရှင် ၁၆ ဦးတို့ကို သစ်တောဥပဒေဖြင့် အရေးယူနိုင်ရန် လွှဲပြောင်းခဲ့သည်။ **နိုင်ဝင်း**



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက်လည်းကောင်း နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူ/အမည်း | |
|---|---|---|---|---|---|
| | | လက်ရှိနှုန်းထား ၁"×၁ ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ | လက်ရှိနှုန်းထား ၁"×၁ ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ |
| ၁။ | နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ | USD 50 | ၃၀၀၀ိ/- | USD 50 | ၃၀၀၀ိ/- |
| ၂။ | ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့်ပတ်သက်သော ကြော်ငြာ | USD 100 | ၅၀၀၀ိ/- | USD 100 | ၅၀၀၀ိ/- |
| ၃။ | ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ | ၂၀၀၀ိ/- | ၁၅၀၀ိ/- | ၁၇၀၀ိ/- | ၁၃၀၀ိ/- |

ဆောင်းပါး

# ကျွန်တော်နဲ့ ဝါးရစ်တက္ကသိုလ်

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ဝါးရစ်ဆိုတဲ့စကားကို ချက်ချင်းနားလည်ဖို့ မလွယ်ပါဘူး။ အင်္ဂလိပ်စကားလုံးက Warwick အသံထွက်အရဆိုရင်တော့ ဝါးဝစ်ဖြစ်တယ်။ ဒါပေမယ့် အသံထွက်အမှန်က (w) အသံကိုဖျောက်ပြီး (r) အသံကို ဦးစားပေးလိုက်တာမို့ ဝါးရစ်ဖြစ်သွားတယ်။ ဝါးရစ်ဆိုတာက အင်္ဂလန်နိုင်ငံ အလယ်ပိုင်းမှာရှိတဲ့ မြို့တစ်မြို့ဖြစ်ပြီး ကော်ဗန်တရီမြို့ကြီးအနီးမှာရှိတယ်။ ကော်ဗန်တရီမြို့မှာထင်ရှားတဲ့ ဘုရားရှိခိုးကျောင်းကြီးရှိခဲ့တယ်။ ဒုတိယကမ္ဘာစစ်တုန်းက ဂျာမန်လေတပ်မတော်က ဗုံးကြဲခဲ့တဲ့အတွက် ပျက်စီးသွားတယ်။ ဒီဘုရားရှိခိုးကျောင်းကြီးမီးလောင်တာကိုမခံချင်လို့ အင်္ဂလိပ်တွေက လက်စားချေတဲ့အနေနဲ့ ဂျာမနီနိုင်ငံမှာရှိတဲ့ထင်ရှားတဲ့ ဘုရားရှိခိုးကျောင်းတွေကို ရစရာမရှိအောင် ဗုံးကြဲလိုက်ကြပြန်တယ်။ စစ်ရဲ့အကျည်းတန်မှုတွေဖြစ်တယ်။

**ကျွန်တော် လန်ဒန်မြို့ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ထိပ်သီးညီလာခံတက်မယ့်အကြောင်းကို ဝါးရစ်တက္ကသိုလ်က တာဝန်ရှိသူတွေကသတင်းရပြီး တက္ကသိုလ်ကို လာဖို့ ဖိတ်ကြားခဲ့ပါတယ်။ သွားရတဲ့ခရီးနဲ့ အဆင်ပြေတာနဲ့ လာဖို့ သဘောတူခဲ့တယ်။ ဝါးရစ်ကို အစက မော်တော်ယာဉ်နဲ့သွားဖို့၊ ဒါပေမယ့် အချိန်သက်သာအောင် ရထားနဲ့သွားဖို့ စီစဉ်ခဲ့တာ။ ကျွန်တော်က လန်ဒန်မရောက်တာ အတော်ကြာပြီဆိုတော့ ရထားထွက်မယ့် ဘူတာကို ကြိုတင်ပြီး ရောက်ခဲ့တယ်။ ယူစတင် ဘူတာရုံက အကြီးကြီးဖြစ်တာမို့ လူတွေနဲ့ စည်ကားနေတာ။ ရထားတွေကလည်း အများကြီးမို့ ကိုယ်စီးရမယ့်ရထားကို ကြော်ငြာသင်ပုန်းမှာ သေချာအောင် ရှာဖွေခဲ့ရတယ်။ လက်မှတ်ကို ကြိုတင်ရထားတာမို့ သိပ်တော့ ပြဿနာမရှိလှဘူး။**

ကျွန်တော်စီးမယ့်ရထားက နံနက် ၁၀ နာရီ ၄၃ မိနစ် ကြော်ငြာထားတဲ့အတိုင်း အချိန်တိတိ ကျကျ ထွက်ခဲ့တယ်။ ခရီးက တစ်နာရီလောက်ကြာတယ်။ ၁၂ နာရီမထိုးမီ ကော်ဖန်တရီဘူတာကို ရောက်တယ်။ ပြောထားတဲ့အတိုင်း အချိန်ကတိကျတယ်။ အချိန်တိကျမှုဟာ အားသာချက်တစ်ခုဖြစ်ပါတယ်။ အလုပ်လုပ်ရတာ အချိန်နဲ့ကိုက်ပြီးလုပ်နိုင်တာ၊ အချိန်တိကျကြောင်း သက်သေပြတဲ့အနေနဲ့ ၁၀ နာရီ ၄၃ မိနစ်ဆိုပြီး တိကျစွာ သတ်မှတ်ထားခဲ့တာကို ချီးကျူးမိတယ်။ အချိန်ကို လေးစားတဲ့ယဉ်ကျေးမှု ကျွန်တော်တို့ဆီမှာ ဘယ်တော့များမှရှိမှာလဲလို့ မေးခွန်းထုတ်နေမိတယ်။ အခုတော့ အချိန်နဲ့ပတ်သက်လာရင် ခပ်ပေါ့ပေါ့ပဲ၊ မရှိလို့လုပ်စားတာပဲဆိုတဲ့ အယူအဆကစွဲနေတာ။

ကျွန်တော့်ကို ဝါးရစ်တက္ကသိုလ်က လွှတ်လိုက်တဲ့ယာဉ်မောင်းက ဘူတာရုံမှာ လာကြိုနေခဲ့တယ်။ တက္ကသိုလ်က သိပ်မဝေးတော့ ၁၅ မိနစ်ကျော်ကျော်မှာ ရောက်ခဲ့တယ်။ တက္ကသိုလ်ဝင်းထဲရောက်တော့ အုပ်ချုပ်ရေးမှူးလုပ်သူက ကြိုဆိုပြီး တက္ကသိုလ်ဝင်းထဲ လိုက်ပြတယ်။ ဝင်းကြီးက အကြီးကြီးပါပဲ။ အမှနတက္ကသိုလ်ဆိုတာ အခုလို ဝင်းရှိရတယ်။ ဝင်းရှိမှလည်း တက္ကသိုလ်ပီသတာ။ ရန်ကုန်တက္ကသိုလ်ဝင်းဆိုတာ အရှေ့တောင်အာရှမှာ အလွန်ထူးခြားတာ။ အင်းလျားကန်နံဘေးမှာ တည်ထားတဲ့ တက္ကသိုလ်ဟာ ကျက်သရေမင်္ဂလာ အပြည့်ပါပဲ။ ကျွန်တော့်ကို သိပ္ပံအဆောက်အအုံ၊ အနုပညာအဆောက်အအုံတွေ လိုက်ပြတယ်။ တစ်ခုမှ မမှတ်မိတော့ဘူး။ မှတ်မိတာကတော့ ကိုယ်နေထိုင်ခဲ့တဲ့ အဆောင်။ ဒါကိုတော့ အတိအကျ မှတ်မိတာ။ ကျွန်တော် ငယ်ငယ်တုန်းက အဆောင်မနေဖူးခဲ့ပါဘူး။ အိမ်က တက်တဲ့ကျောင်းသားသာ ဖြစ်ခဲ့တာ။

ဆရာဖြစ်လာတော့ အဆောင်မှာ စာသင်သွားရင်း အဆောင်ဘဝကို နားလည်ခဲ့တာ။ တက္ကသိုလ်နဲ့ အဆောင်ဟာ ခွဲလို့မရနိုင်တဲ့အရာဖြစ်တယ်။ အဆောင်နေတဲ့သူတွေက တစ်ဦးနဲ့တစ်ဦး ရင်းနှီးတယ်၊ ခင်တွယ်တယ်၊ ကူညီတယ်။ အဆောင်မှာ နေရတာ လူမှုရေးစနစ်တစ်ခုကို သင်ကြားပေးတာဖြစ်တယ်။ ထမင်းစားတဲ့အခါ လေးယောက်တစ်စားပွဲ ဟင်းနဲ့ထမင်းကိုမျှဝေစားရတယ်။ ဇွန်း၊ ခက်ရင်းနဲ့စားရတာမို့ သပ်သပ်ရပ်ရပ်နေမှုထိုင်မှုကို အားပေးခဲ့တယ်။ အခုလောက်အဓိပ္ပာယ်ရှိလှတဲ့ တက္ကသိုလ်အဆောင်တွေကို နိုင်ငံရေးရှုထောင့်တစ်ခုတည်း ကြည့်ပြီး ပိတ်ခဲ့တယ်။ အင်မတန်မှ နစ်နာလှပါတယ်။ ကြွက်မနိုင်လို့ ကျီမီးရှို့ဆိုတာ မျက်ဝါးထင်ထင်မြင်ခွင့်ရခဲ့ပါတယ်။

တက္ကသိုလ်အနှံ့ လိုက်ပြပြီးချိန် ဒုတိယပါမောက္ခချုပ်နဲ့ ပါမောက္ခသုံးဦးနဲ့ နေ့လယ်စာစားကြတယ်။ စားရင်းသောက်ရင်း မြန်မာပြည်က ကျောင်းသားတွေ ဝါးရစ်မှာ ပညာသင်ခွင့်ရရှိရေး ဆွေးနွေးခဲ့ကြတယ်။ တက္ကသိုလ်တစ်ခုလုံးမှာ ကျောင်းသား ကျောင်းသူ ၂၅၀၀၀ ရှိပြီး ၄၀ ရာခိုင်နှုန်းကျော်က နိုင်ငံခြားကကျောင်းသားတွေဖြစ်ကြတယ်။ လက်ရှိမှာတော့ မြန်မာပြည်က ကျောင်းသားတစ်ဦးမျှ မရှိသေးဘူး။ မနှစ်က ပညာသင်ဆုပေးခဲ့ပေမယ့် တစ်ယောက်မျှ မရခဲ့ဘူးလို့ ပြောခဲ့တယ်။ ဒီနှစ်အတွက် ပညာသင်ဆုနှစ်ဆုရှိတာမို့ မြန်မာကျောင်းသားတွေရအောင် စီစဉ်ပေးနိုင်ဖို့ ဆွေးနွေးခဲ့ကြတယ်။

**နေ့လယ်စာသုံးဆောင်ပြီး ကျွန်တော်က တက္ကသိုလ်ကျောင်းသားတွေအတွက် ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့တယ်။ တက်လာမယ့်သူတွေအများစုကတော့ အာဆီယံနိုင်ငံတွေက များပါတယ်။ မြန်မာပြည်ရဲ့စီးပွားရေး၊ နိုင်ငံရေးနဲ့လူမှုရေးအခြေအနေတွေကို ကျွန်တော်တင်ပြခဲ့တယ်။ ဆွေးနွေးပွဲဖြစ်တာမို့ အချိန်တစ်ဝက်လောက်က အမေးအဖြေနဲ့ ကုန်ခဲ့တယ်။ ဘွဲ့လွန်ကျောင်းသားတွေမို့ ထင်ပါရဲ့၊ မေးခွန်းတွေ မေးတတ်ကြတယ်။ သိချင်တာတွေကို စနစ်တကျစုစည်းပြီး မေးခွန်းထုတ်တတ်ကြတယ်။ မေးခွန်းထုတ်တတ်တာလည်း ပညာတစ်ခုပါ။ မေးခွန်းမေးတာက စိတ်ဝင်စားလို့ သိချင်လို့ နားလည်ချင်လို့ မေးနေတာကို သိတော့ အားရမိတယ်။ ကသိကအောက်ဖြစ်အောင် ပညာပြတဲ့သဘောမျိုး မဟုတ်ကြဘူး။**

ဆွေးနွေးပွဲအပြီးမှာ ကျွန်တော်က လန်ဒန်မြို့ပြန်ရမှာမို့ အပြန်ရထားစီးဖို့ ဘူတာရုံကို အချိန်မီထွက်ခဲ့တယ်။ လန်ဒန်ရောက်တော့ မြန်မာပြည်က အတူလာတဲ့ အဖွဲ့သားတွေနဲ့ ညစာထွက်စားကြတယ်။

ကျွန်တော် ဝါးရစ်ရောက်သွားတော့ နေရင်းထိုင်ရင်း အသက် ၄၀ ကျော်လောက် ပြန်ငယ်သွားခဲ့တယ်။ ကျွန်တော် မဟာသိပ္ပံသင်တန်းဝါးရစ်မှာတက်တုန်း အသက်က ၂၆ နှစ်၊ နိုင်ငံခြားပညာတော်သင် အရွေးခံပြီး အင်္ဂလန်ကိုထွက်လာတာက ၂၅ နှစ်၊ ပထမနှစ်မှာ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရတယ်။ ဒီတုန်းက ကျွန်တော် ရထားတဲ့ဘွဲ့က ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့၊ ဒါပေမယ့် ရန်ကုန်စီးပွားရေးတက္ကသိုလ်ကဆိုတော့ အင်္ဂလိပ်လို ဘာသာပြန်တဲ့အခါ Institute of Economics ဖြစ်တာမို့ အင်္ဂလန်က တက္ကသိုလ်တွေက အသိအမှတ်မပြုဘူး။ တစ်ချိန်တုန်းက ဆိုရှယ်လစ်ပညာရေးစနစ်ကို တိတိကျကျအကောင်အထည်ဖော်ချင်တဲ့စိတ်နဲ့ မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်တွေကို University အစား Institute လို့ အခေါ်အဝေါ်ပြောင်းခဲ့ကြတယ်။ ရှေ့ညာဏ်တော်စူးကြတာတွေ၊ ဒီလိုပြောင်းတာက အရေးမကြီးဘူး။ ပြောင်းတာကို နိုင်ငံခြားတက္ကသိုလ်တွေက အသိအမှတ်မပြုတော့ ဒုက္ခတွေရောက်ကုန်ရော။ နိုင်ငံခြားတက္ကသိုလ်တွေ၊ အထူးသဖြင့် အင်္ဂလန်နဲ့ အမေရိကန်နိုင်ငံက တက္ကသိုလ်တွေက လွတ်လပ်တယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်၊ အစိုးရလုပ်သူက ဘယ်လိုမှ ဖိအားပေးလို့မရဘူး။ တက္ကသိုလ်က အာဏာပိုင်တွေမှာ ဩဇာအပြည့်ရှိတယ်။ တက္ကသိုလ်ကို စီမံအုပ်ချုပ်သူတွေက ပါမောက္ခတွေရယ်၊ အုပ်ချုပ်သူတွေရယ် ဖြစ်ကြတယ်။ အစိုးရခန့်တာမျိုးမရှိဘဲ နာမည်ရတဲ့သူတွေ၊ ထင်ရှားတဲ့ ပညာရှင်တွေက တာဝန်ယူထားကြတာ။

ဒါကြောင့် ကျွန်တော် မကြာခဏပြောခဲ့သလို မြန်မာပြည်မှာ ခေတ်စားတဲ့ကိစ္စက လူတိုင်းလိုလို Ph.D ဒေါက်တာဘွဲ့တပ်ကြတယ်။ ဘွဲ့ကို တပ်တဲ့နေရာမှာလည်း UK တို့ USA တို့ သုံးကြတယ်။

**ဒီလိုသုံးစွဲတဲ့သူတွေဟာ ပညာမတတ်မှန်းကို ကိုယ့်ကိုယ်ကိုယ်ကြော်ငြာလိုက်သလိုဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် UKတို့ USA တို့က နိုင်ငံအမည်တွေ ဖြစ်ကြတယ်။ နိုင်ငံတစ်နိုင်ငံက ဘွဲ့ပေးခွင့်မရှိဘူး။ ပေးလို့မရဘူး။ ဘွဲ့ပေးနိုင်တာက တစ်ခုပဲရှိတယ်။ ဒါက တက္ကသိုလ်ဖြစ်တယ်။ ဒါကြောင့် မိမိရထားတဲ့ဘွဲ့ဟာ ဘယ်တက္ကသိုလ်ကဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ရမှာဖြစ်တယ်။ ဥပမာအားဖြင့် ကျွန်တော်ကမဟာသိပ္ပံဘွဲ့ကို ဝါးရစ်တက္ကသိုလ်ကရထားတာမို့ M.Sc.(Warwick) လို့ ဖော်ပြရတယ်။ ဒါကို မြင်လိုက်တာနဲ့ ရထားတဲ့ဘွဲ့ အဆင့်အတန်းကိုတစ်ခါတည်း သိနိုင်တယ်။ တက္ကသိုလ်အမည်ဖော်ပြလိုက်ရင် အခုခေတ်မှာ အင်တာနက်နဲ့ ခေါက်ပြီး ရှာဖွေလိုက်ရင် ဒီတက္ကသိုလ်ရဲ့ အဆင့်အတန်းကို ချက်ချင်းသိနိုင်တယ်။ လိမ်ညာလို့ မရဘူး။**

ဝါးရစ်မှာ တစ်နှစ်ပဲ တက်ခဲ့ရပေမယ့် မဟာသိပ္ပံအဆင့်အတန်းကို သိရှိနိုင်ခဲ့တယ်။ သင်ကြားတဲ့ပုံစံက Lecture ပုံစံမဟုတ်ဘဲ လက်တွေ့စီးပွားရေးအခြေအနေတွေကိုဖော်ပြပြီး ဆန်းစစ်မှုတွေဆောင်ရွက်ရတဲ့ နည်းစနစ်ဖြစ်တဲ့ Case Study နည်းကို အသုံးချခဲ့တယ်။ တစ်ပတ်တစ်ပတ် Case ၃၀၊ ၄၀ လောက် လေ့လာရတယ်၊ ဆန်းစစ်ရတယ်။ တစ်ဦးချင်းအပြင် အဖွဲ့ငယ်တွေခွဲပြီး ဆောင်ရွက်ရတယ်။ ဒီသင်ကြားနည်းစနစ်က ကိုယ်ပိုင်အတွေးအခေါ် ဆန်းစစ်နိုင်စွမ်းကို အားပေးခြင်းဖြစ်ပါတယ်။ မိမိရဲ့သုံးသပ်ချက်ကို အချက်အလက်ပြည့်ပြည့်စုံစုံနဲ့တင်ပြပြီး ခုခံကာကွယ်ရတယ်။ ကျန်တဲ့ကျောင်းသားတွေနဲ့ ငြင်းရတယ်။ ဆွေးနွေးရတယ်။

Case method ကို စတင်သုံးစွဲခဲ့တာက အမေရိကန်နိုင်ငံနာမည်ကြီး ဟားဗတ်တက္ကသိုလ်မှာရှိတဲ့ Harvard Business School ဖြစ်တယ်။ School လို့ပြောလို့ အထင်သေးလို့မရဘူး။ School ကို သာမန်အားဖြင့် ကျောင်းလို့ နားလည်တာ၊ အမှန်တော့ School ဆိုတာက အတွေးအခေါ် အယူအဆဖြစ်တယ်။ ဂွန်ဟာမတ်ဆိုတဲ့ သူဌေးကြီးကလှူဒါန်းပြီး တည်ထောင်ထားတဲ့ စီးပွားရေးပညာသင်ကြားတဲ့ တက္ကသိုလ်ဖြစ်တယ်။ ဒါကြောင့်လည်း ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ရှိတဲ့ စီမံခန့်ခွဲမှုဌာနကို Yangon Business School ဆိုပြီး အမည်ပြောင်းစေချင်တာ၊ ဒီလိုပြောင်းပြီး နိုင်ငံခြားအဆင့်မီ အမ်ဘီအေသင်တန်းတွေ ဖွင့်လှစ်နိုင်မှာ။ ကျွန်တော်ဝါးရစ်တက္ကသိုလ်မှာ မဟာသိပ္ပံသင်တန်းတက်တုန်းက အမ်ဘီအေသင်တန်းမရှိတာမို့ အမ်အက်စ်စီဘွဲ့ကိုပဲ ယူခဲ့ရတာ။ အခုတော့ Warwick Business School ကို သီးခြားတည်ထောင်ခဲ့ပြီး အမ်ဘီအေဘွဲ့တွေ ပေးနေပြီဖြစ်တယ်။

**ဝါးရစ်တက္ကသိုလ်နဲ့ပတ်သက်လာရင် ကျွန်တော်လုံးဝမမေ့တဲ့အကြောင်းတစ်ခုက စာမေးပွဲ ဖြေတဲ့အချိန်အရှက်ကွဲရတဲ့ ကိစ္စတစ်ခုဖြစ်တယ်။ တော်သေးတာက ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘဲ အတန်းဖော်ဆူဒန်နိုင်ငံသား သူငယ်ချင်းပါလို့သာ။ ဝါးရစ်ရဲ့စာမေးပွဲစနစ်က Open Book Examination၊ အဓိပ္ပာယ်က စာမေးပွဲဖြေတဲ့အခါ ကြိုက်တဲ့စာအုပ်တွေကို စာမေးပွဲခန်းထဲ ယူခွင့်ရတယ်။ တောသားနှစ်ယောက်ဖြစ်တဲ့ ကျွန်တော်တို့နှစ်ယောက်က ပထမနေ့ စာမေးပွဲခန်းထဲ သွားတော့ အားရပါးရ လိုမယ်ထင်တဲ့ စာအုပ်တွေ သေတ္တာထဲထည့်ပြီး စာမေးပွဲခန်းထဲ ဝင်ခဲ့ကြတယ်။ အခန်းစောင့်တဲ့ဆရာမက ဘာတွေလဲလို့မေးတော့ လိုရမယ်ရစာအုပ်တွေဆိုပြီး နှစ်ယောက်သားဖြေခဲ့တယ်။ မေးခွန်းဖတ်ပြီး အဖြေတွေစာအုပ်ထဲမှာ ရှိလို ရှိငြားရှာရင်းနဲ့ သုံးနာရီပေးတဲ့ အချိန်တစ်ဝက်လောက်ကုန်မှ သတိပြုမိတယ်။ မေးခွန်းရဲ့အဖြေတွေဟာ စာအုပ်ထဲမှာ မရှိဘဲ မိမိမှာသာရှိတယ်ဆိုတဲ့အကြောင်းပဲ၊ ဒါနဲ့ အလုအယက်ကျန်ရှိတဲ့ချိန်အတွင်းမှာ မိမိလေ့လာထားသမျှ၊ စဉ်းစားထားသမျှကို အားကိုးပြီး စာမေးပွဲဖြေဆိုခဲ့ပါတယ်။ ။**

> **အချိန်တိကျမှုဟာ အားသာချက်တစ်ခုဖြစ်ပါတယ်။ အလုပ်လုပ်ရတာ အချိန်နဲ့ ကိုက်ပြီးလုပ်နိုင်တာ၊ အချိန်တိကျကြောင်း သက်သေပြတဲ့အနေနဲ့ ၁၀ နာရီ ၄၃ မိနစ်ဆိုပြီး တိကျစွာသတ်မှတ်ထားခဲ့တာကို ချီးကျူးမိတယ်။ အချိန်ကိုလေးစားတဲ့ယဉ်ကျေးမှု ကျွန်တော်တို့ဆီမှာ ဘယ်တော့များမှရှိမှာလဲလို့ မေးခွန်းထုတ်နေမိတယ်။ အခုတော့ အချိန်နဲ့ ပတ်သက်လာရင် ခပ်ပေါ့ပေါ့ပဲ၊ မရှိလို့ လုပ်စားတာပဲဆိုတဲ့ အယူအဆကစွဲနေ**

---

❒ *ကျော်ဖုံးမှ*

ထယ်ကြီး (S.T.L/ရန်ကုန်) တို့ပွဲ၌ ထယ်ကြီး(S.T.L/ရန်ကုန်)က တတိယအချီ ၅၄ စက္ကန့်တွင် တရစပ်အသာစီးယူ၍ ဘယ်ဝိုက်၊ ညာဖြောင့်လက်သီးတို့ဖြင့် လိုက်လံထိုးသတ်သည်။ မိုးလေး (စွမ်းကေကေ/မန္တလေး)မှာ တိမ်းရှောင်ယှဉ်ပြိုင်ထိုးသတ်သော်လည်း ဘယ်ဘက်မျက်ခုံးကွဲ၍ ဆရာဝန်၏ဆေးစစ်ချက်ယူရာ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိ၍ ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးခဲ့ရသည်။ ဆက်လက်ပြီး သုံးချီပွဲများ ယှဉ်ပြိုင်ထိုးသတ်ရာ နိုင်လင်း (တိုက်ဂါး/ဘားအံ) နှင့် သူရလိပ် (စွမ်းကေကေ/ မန္တလေး)၊ ထက်လင်းဦး (တိုက်ဂါး/ဘားအံ)နှင့် စောထူးအောင်(ဒို့ရိုးရာ/ရန်ကုန်)၊ ဗိုစိုးအောင် (စွမ်းကေကေ/မန္တလေး)နှင့် မိုးကောင်းကင်(အဖြူရောင်သွေးသစ်/ရန်ကုန်)တို့ ပွဲများသည် သရေပွဲများဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် လေးချီပွဲများ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ အောင်ရဲလင်း(တိုက်ဂါး/ဘားအံ)က တိမ်တိုက် (မုဒုံသား/မွန်)ကို တတိယအချီတွင် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်နိုင်ခြင်း မရှိဘဲ အရှုံးပေးခဲ့ရသည်။ အလားတူ မင်းထက်အောင် (ဒို့ရိုးရာ/ရန်ကုန်)ကလည်း အောင်မြင်သူ (ဝါဆို/ရန်ကုန်)ကို ပွဲစလျှင်စချင်း ပထမအချီ ၂ မိနစ် ၃၀ စက္ကန့်မှာပင် အောင်မြင်သူ (ဝါဆို/ရန်ကုန်)၏ တရစပ်လိုက်လံထိုးနှက် ကန်ကျောက်မှုတို့ကြောင့် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိဘဲ ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးခဲ့ရသည်။ လေးချီပွဲ၏ နောက်ဆုံးပွဲဖြစ်သည့် သားနဂါး (ဝါဆို/ရန်ကုန်)နှင့် စိုးမင်းဦး (မုဒုံသား/မွန်)တို့ပွဲ၌ ပထမအချီနှင့် ဒုတိယအချီတို့တွင် သူတင်ကိုယ်တင် အပြိုင်ကြဲ ရဲရဲရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း စိုးမင်းဦး (မုဒုံသား/မွန်)မှာ ဘယ်ဘက်မျက်ခုံးကွဲ၍ သွေးတရဲရဲဖြင့် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ တတိယအချီပြန်အစတွင် ပင့်လက်သီး၊ ဝိုက်လက်သီး၊ ဘယ်/ညာ တံတောင်ရိုက်ချက်တို့ဖြင့် စုံလင်လှသည့် သားနဂါး (ဝါဆို/ရန်ကုန်)၏ ရင်ဆိုင်ထိုးသတ်မှုကို စိုးမင်းဦး(မုဒုံသား/မွန်)သည် အကြိမ်ကြိမ်ပြိုလဲခဲ့သော်လည်း ပြန်လည် ရင်ဆိုင်ယှဉ်ပြိုင်နိုင်ခဲ့ခြင်းကြောင့် ပွဲမှာပရိသတ်အကြိုက်တွေ့သော်လည်း စတုတ္ထအချီ ပြီးဆုံးချိန်တွင် သရေပွဲဖြင့် အဆုံးသတ်ပြီးဆုံးခဲ့သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်မြောက် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွင် အကောင်းဆုံးလက်ဝှေ့ရေးပြဆု ငွေကျပ်တစ်သိန်းကို သူရလိပ်(စွမ်းကေကေ/မန္တလေး) ကရရှိခဲ့ပြီး ယနေ့ပြိုင်ပွဲဝင် လက်ဝှေ့သမားများ၏ ထိုးကြေးများမှာ သုံးချီပွဲများတွင် အနိုင်ရသူသည် ဆုငွေကျပ်ခြောက်သောင်း၊ ရှုံးလျှင် ဆုငွေကျပ်လေးသောင်းနှင့် ပူးတွဲသရေကျခဲ့လျှင် ဆုငွေကျပ် ငါးသောင်းစီခွဲဝေရရှိမည်ဖြစ်ကာ လေးချီပွဲများတွင် အနိုင်ရသူသည် ဆုငွေကျပ် တစ်သိန်းခွဲ၊ ရှုံးသူသည် ဆုငွေကျပ်တစ်သိန်းနှင့် ပူးတွဲသရေကျခဲ့လျှင် တစ်ဦးကို ဆုငွေကျပ် တစ်သိန်းနှစ်သောင်းခွဲစီ ခွဲဝေယူရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**သားနဂါး (ဝါဆို/ရန်ကုန်)နှင့် စိုးမင်းဦး(မုဒုံသား/မွန်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။** (ဓာတ်ပုံ-မင်းထက်)

## ပြည်တွင်းသတင်း

# မန္တလေးတိုင်းဒေသကြီး ဆက်သွယ်ရေးကဏ္ဍပိုမိုတိုးတက်ကောင်းမွန်စေရန် လာမည့်နှစ်အတွင်း မိုဘိုင်းဆက်သွယ်ရေး စခန်းပေါင်း ၁၇၂၇ ခု တိုးချဲ့တပ်ဆင်မည်

**နေပြည်တော် မတ် ၈**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မတ် ၅ ရက်က ကူမဲမြို့ စာတိုက်နှင့် အော်တိုအိတ်ချိန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာတွင် ကူမဲမြို့ အော်တိုအိတ်ချိန်းအား ခေတ်မီ MSAN (Multi-service Access Node) အော်တိုအိတ်ချိန်းများဖြင့် အစားထိုး လဲလှယ်တပ်ဆင်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်ဝစွာဖြင့် ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးနိုင်ရေး မှာကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်မိုဘိုင်းစခန်းနှင့် ကျောက်ဆည်မြို့ အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အော်တိုတယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မတ် ၆ ရက်က မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့်အတူ မတ္တရာအော်တိုအိတ်ချိန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက နောင်ဆက်လက် ဆောင်ရွက်မည့် အိတ်ချိန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့ကွက်အနေအထားနှင့် လိုက်လျောညီထွေစွာ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ယခုလက်ရှိအော်တိုအိတ်ချိန်းအဆောက်အအုံကို ရေရှည်တည်တံ့ရေးပြုပြင် ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ္တရာမြို့ မြို့နယ်ခန်းမ၌ မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်များမှ မြို့နယ်အထောက်အကူပြု အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကြာမီဖွင့်လှစ်မည့် ညောင်ဝန်းမိုဘိုင်းဆက်သွယ်ရေးစခန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်ပန်လှအော်တိုအိတ်ချိန်းနှင့် မိုဘိုင်းဆက်သွယ်ရေးစခန်း၊ အော်ရီဒူးကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက် မိုဘိုင်းစခန်း တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျပ်ပြင်မြို့ ဒေါ်နန်းကြည်တောင် မိုက္ကရိုဝေ့ဗ်/ မိုဘိုင်းဆက်သွယ်ရေးစခန်းနှင့် ကျပ်ပြင်မြို့စာတိုက်၊ ကျပ်ပြင်မြို့ အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စာများ၊ ချောထုပ်ပစ္စည်းများ အချိန်မှန်ရောက်ရှိရေး၊ မပျောက်ပျက်စေရေး၊ ပြည်သူလူထုယုံကြည်မှုရှိစေရေး စေတနာထားဆောင်ရွက်ရန်၊ ယခင်ထက်ပို၍ ဝန်ဆောင်မှု တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်သွားရန် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တယ်လီနောကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့်ကျပ်ပြင်မြို့ မိုဘိုင်းဆက်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးကာ တွေ့ကြုံရသည့် အခက်အခဲများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည်များ မေးမြန်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိုးကုတ်မြို့ ဘီးတောင်မိုဘိုင်းစခန်း၊ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းစခန်းများအား ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိစေရေးနှင့်သုံးစွဲသူမိဘပြည်သူများ စိတ်ချမ်းသာမှုရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မတ် ၇ ရက်တွင် မိုးကုတ်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မိုးကုတ်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြု အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သပိတ်ကျင်းမြို့ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းရုံးနှင့် ကမ္ဘာအေး မြို့သစ် GSM မိုဘိုင်းစခန်းဆောက်လုပ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး GSM မိုဘိုင်းစခန်းအားအမြန်ဆုံး ဖွင့်လှစ်နိုင်ရေးမှာကြားသည်။

သပိတ်ကျင်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ သပိတ်ကျင်းမြို့နယ်နှင့် တကောင်းမြို့တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မတ္တရာမြို့နယ်များရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်း၊ မိုဘိုင်းစခန်း၊ စာတိုက်နှင့် ကြေးနန်းစခန်းများအား စစ်ဆေးကြည့်ရှုခဲ့ပြီး လက်ရှိဆောင်ရွက်ပေးနေသည့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်စေရေးနှင့် နောက်ထပ်တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ မိမိတို့ဝန်ဆောင်မှုအား ပြည်သူလူထုယုံကြည်အားထားမှု ပိုမိုရရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်များရှိပါက အမြန်ဆုံးတင်ပြဆောင်ရွက်သွားကြရန် မှာကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ယခုအစိုးရသစ် မတိုင်မီအချိန်က မိုဘိုင်းစခန်းစုစုပေါင်း ၁၆၅ ခုဖြင့် ပြည်သူများအား မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ရာမှ ယနေ့အချိန်ကာလတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း ၆၀၇ ခု၊ နိုင်ငံတကာဆက်သွယ်ရေး အော်ပရေတာများဖြစ်သည့် အော်ရီဒူးကုမ္ပဏီမှ မိုဘိုင်းစခန်း ၁၇၁ ခု၊ တယ်လီနောကုမ္ပဏီမှ မိုဘိုင်းစခန်း ၂၉၇ ခု မိုဘိုင်းစခန်းစုစုပေါင်း ၁၀၇၅ ခု တိုးတက်ဖွင့်လှစ်ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ခေတ်မီ MSAN အော်တိုအိတ်ချိန်းများဖြင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းအနေဖြင့် ယခု ဘဏ္ဍာရေးနှစ်အတွင်း အော်တိုအိတ်ချိန်း သုံးခုနှင့် လာမည့်နှစ်များအတွင်း အော်တိုအိတ်ချိန်း ၄၆ ခုအား အစားထိုးလဲလှယ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးအတွင်း မိုဘိုင်းဆက်သွယ်ရေးစခန်း တိုးချဲ့တပ်ဆင်ခြင်းကို လာမည့်နှစ်များအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၃၁၈ ခု၊ အော်ရီဒူးကုမ္ပဏီမှ မိုဘိုင်းဆက်သွယ်ရေးစခန်း ၁၂၁၀ ခု၊ တယ်လီနောကုမ္ပဏီမှ မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၁၃ ခု စုစုပေါင်း ၆၅၂ ခု ထပ်မံတိုးချဲ့ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်လျက်ရှိရာ စုစုပေါင်းအနေဖြင့် မိုဘိုင်းဆက်သွယ်ရေးစခန်းပေါင်း ၁၇၂၇ ခုရှိလာမည်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

### ◆ ရွှေ့ဖုံးမှ

ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်များသည် မိုးရာသီရောက်တိုင်း ရေလွှမ်းမိုးမှုဒဏ်ကို နှစ်စဉ်ခံစားကြရသည်။ ပဲခူးမြစ်ကို ဇောင်းတူရေလှောင်တမံ၊ ကိုယ်ထူကွဲ ရေလှောင်တမံ၊ စလူရေလှောင်တမံ၊ ရွှေလောင်းရေလှောင်တမံ စသည့် တမံလေးခုတည်ဆောက်ထားပြီးဖြစ်သော်လည်း ပဲခူးမြစ်၏ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ၏ ၂၀ ရာခိုင်နှုန်းကိုသာ သိုလှောင်ထိန်းသိမ်းထားနိုင်ခဲ့သည်။ သို့ဖြစ်၍ ပဲခူးနယ်တစ်ဝန်း ပဲခူးမြစ်ရေကြီး၍ တောင်သူလယ်သမားကြီးများ၏ စိုက်ပျိုးလယ်မြေများ နှစ်စဉ်ရေလွှမ်းခံရပြီး လမ်းပန်းဆက်သွယ်ရေးပါအခက်အခဲနှင့်တွေ့ကြရမြဲဖြစ်သည်။

ပဲခူး-ရန်ကုန်ကားလမ်း ခေါင်းဆေးကျွန်းအနီး ကားလမ်းရေကျော်မှုကြောင့် ပဲခူးနှင့်ရန်ကုန်အကြား လမ်းပန်းဆက်သွယ်မှုပြတ်တောက်မှုနီးပါးအထိ သွားရေးလာရေးခက်ခဲခဲ့ကြသည်။ မော်တော်ယာဉ်များ သွားလာရေးနှင့် ရေဘေးကယ်ဆယ်ရေး ကူညီဆောင်ရွက်နေသော ကြက်ခြေနီတပ်ဖွဲ့ဝင် ကိုအေးကျော်သည်ပင် လျှင် ရေစီးနှင့်မျောပါ၍ အသက်ဆုံးရှုံးခဲ့ရဖူးသည်။ သို့ဖြစ်၍ ဆည်မြောင်းဦးစီးဌာနသည် ၂၀၁၂ ခုနှစ် ပွင့်လင်းရာသီတွင် ရေလှောင်တမံများ တည်ဆောက်ခြင်း၊ ပဲခူးမြစ်အတွင်း သောင်ခုံများတူးဖော်ခြင်း၊ ဇောင်းတူရေသယ်မြောင်း တိုးချဲ့တူးဖော်ခြင်းနှင့်ရေနုတ်မြောင်းများ တူးဖော်ခဲ့ခြင်းကြောင့် မြစ်ရေကြီးမှုအတော်အတန်လျော့နည်းခဲ့သော်လည်း ရေကြီးနစ်မြုပ်မှုဒဏ်မှ လုံးဝကင်းရှင်းမသွားခဲ့သေးပါ။

ဆည်မြောင်းဦးစီးဌာနသည် မာန်ဟုန်ပြင်းသည့် ပဲခူးမြစ်မင်းကို အနိုင်ယူ၍ ပဲခူးနယ်တစ်ခွင်ရေဘေးအန္တရာယ် ကင်းဝေးစေချင်သည်။ ခေါင်းဆေးကျွန်းအနီး ကားလမ်းရေကျော်မှုနှင့်ပဲခူးမြို့ကို ဖြတ်သန်းစီးဆင်းနေသော မဇင်းချောင်းပတ်ဝန်းကျင် ရေကြီးရေလျှံမှုကို ပပျောက်စေချင်၍ ခေါင်းဆေးကျွန်းချောင်းနှင့် ရှေးဟောင်းသမိုင်းဝင် ခေါင်းဆေးကျွန်းကန်တူးဖော်ခြင်း လုပ်ငန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ယခုအခါ ရာနှုန်းပြည့်အောင်မြင်စွာ ပြီးစီးခဲ့ပြီးဖြစ်၍ ကျောက်စီခြင်းလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်လျက်ရှိသည်။ မဇင်းချောင်းတူးဖော်ခြင်းလုပ်ငန်းကိုလည်း ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်က စတင်တူးဖော်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီး၍ လိုအပ်နေရာများတွင် ကျောက်စီခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်လျက်ရှိသည်။

စာရေးသူသည် ဆည်မြောင်းဦးစီးဌာန ပဲခူးခရိုင် ဦးစီးမှူး ဦးမြင့်စိုးလိုက်လံပြသသော လမ်းကြောင်းတစ်လျှောက် ကြည့်ရှုရင်း ချောင်းဟုသာ အမည်တွင်သော်လည်း ရေမြောင်းလောက်ပင် မကျယ်ဝန်းမနက်ရှိုင်းတော့သည့် ကောနေသည့်နေရာများတွင်လူအား စက်ယန္တရားအားဖြင့်တူးဖော်ပြီးစီးနေသော ရေနုတ်မြောင်းကြီးများကို ရင်သပ်ရှုမောဖွယ်ကြိုဘနန်းတွေ့မြင်ရသည်။ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်ပူဇော်ထားသည့် ဗုဒ္ဓဘုရားရှင်စွယ်တော်မြတ် ကိန်းဝပ်စံပယ်လျက်ရှိသည့် ခေါင်းဆေးကျွန်းပတ်ဝန်းကျင် လှပသာယာတော့မည့် အနာဂတ်မြင်ကွင်းကိုလည်း ကြိုတင်မှန်းဆတွေ့မြင်မိပါသည်။ နိုင်ငံတော်၏ မိဘပြည်သူများအပေါ်ထားရှိသည့် စေတနာ၏အသီးအပွင့်အဖြစ် ပဲခူးနယ်တစ်ဝန်းရေကြီးရေလျှံခြင်းမှ ကင်းဝေးပြီး စိုက်ပျိုးရေးလည်း ဝေဖြာ၊ လမ်းပန်းဆက်သွယ်ရေးလည်း စည်ပင်သာယာတော့မည့် ဆည်မြောင်းအစွမ်း ပဲခူးမြို့ရေမလွှမ်းတော့မည့် အနာဂတ်မြင်ကွင်းကို ပီတိဖြင့် ခံစားရင်းတင်ပြလိုက်ရပါသည်။ **စိန်လှိုင်ဗိုလ်**

### ❀ ကျောဖုံးမှ

ဆီဇာက ရန်ကုန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဆေးလ်မားက ဇေယျာရွှေမြေအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးပြန်ပေးခဲ့ရသော်လည်း ရန်ကုန်အသင်းကသာ ပွဲကိုစိုးမိုးခဲ့ပြီး ၃၉ မိနစ်တွင် ခင်မောင်လွင်နှင့် ၄၃ မိနစ်တွင် ဆီဇာတို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းကသာ ဆက်လက်ဖိကစားသွားခဲ့ပြီး အနိုင်ဂိုးများကို ၅၉ မိနစ်တွင်အီမာဆင်း ၆၈ မိနစ်တွင် ဆီဇာတို့က သွင်းယူပေးခဲ့သည်။ ဇေယျာရွှေမြေအတွက် ဒုတိယ ချေပဂိုးကို ၇၃မိနစ်တွင် ဆေးလ်မားကပင် သွင်းယူခဲ့သည်။ ယခုပွဲတွင် ဟက်ထရစ်သွင်းယူခဲ့သည့် ဆီဇာမှာ ယခုရာသီ၌ ၁၄ ဂိုး မြောက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာလည်း ကိုးပွဲတွင် သွင်းဂိုးမှာ ဂိုး ၃၀ ရှိသွားခဲ့သည်။

**အောင်ဆန်းကွင်း**

ရခိုင်- တစ်ဂိုး

ပြည်မိုး

ဟံသာဝတီ-တစ်ဂိုး

ဂျော်ဂျီ

ပွဲစဉ် ၉ အပြီးတွင် ရန်ကုန်အသင်းက ကိုးပွဲကစား (၂၇) မှတ်ဖြင့် ပထမ၊ ဧရာဝတီအသင်းက ရှစ်ပွဲကစား (၂၂)မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ကိုးပွဲကစား (၁၈)မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံရတနာပုံအသင်းက ရှစ်ပွဲကစား (၁၆)မှတ်ဖြင့် စတုတ္ထ၊ ကမ္ဘောဇအသင်းက ကိုးပွဲကစား (၁၅)မှတ်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေသည်။ ပြိုင်ပွဲကို ယခုပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇွန် ၂၂ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။

---




**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**စက်သုံးဆီ (ပရီမီယံဒီဇယ်)အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် (ပရီမီယံဒီဇယ်) ဒီဇယ်ဆီ ၅၀၀၀၀ (ဂါလန်ငါးသောင်း)အား အိတ်ဖွင့်တင်ဒါ (Open Tender)ဖြင့် တင်သွင်းနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၉-၃-၂၀၁၅ရက်မှ ၁၀-၃-၂၀၁၅ ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၃-၂၀၁၅ရက် မွန်းတည့် ၁၂ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၀-၃-၂၀၁၅ရက် မွန်းလွဲ ၁နာရီ
အစည်းအဝေးခန်းမ (၂)၊ မြို့တော်ခန်းမ၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**မှတ်ချက်။ ။ တင်ဒါတင်သွင်းသူများ တက်ရောက်ပါရန်။**

၂။ သတ်မှတ်ကာလထက်ကျော်လွန်ပါက တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**
**(၆၈) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၁၁၁၃၈၀၃**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့အများအားဖြင့် သာယာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဖခင် အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ မြောက်ချော ကုန်းကျေးရွာ အလကခွဲ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မခင်သန္တာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်သန်းဖြစ်ပါကြောင်း။







**ပြင်ဆင်ဖတ်ရှုပါရန်**

၈-၃-၂၀၁၅ ရက်နှင့် ၉-၃-၂၀၁၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၁)နှင့်(၁၈)ပါ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ ပညာရှင်အကြံပေးပုဂ္ဂိုလ် အလိုရှိသည် ကြော်ငြာတွင် ဆက်သွယ်ရန် ဖုန်း- ၀၆၇-၅၉၀၂၈၈ အစား ၀၆၇-၅၉၁၂၈၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မအေးသီတာဌေး(ခ)အေးပုံစု ၇/ပမန(နိုင်)၁၆၆၃၃၂ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏သဘောဆန္ဒဖြင့် ၆-၃-၂၀၁၅ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်မယူ (မယူ)ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဒေါ်သီတာအောင်**

ပြည်တွင်းသတင်း

# ကြံသုတေသနခြံရှိ အလုပ်သမားတန်းလျား မီးလောင်

**ဖြူး မတ် ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ပင်သာ ကျေးရွာအုပ်စု ရွာသာယာကျေးရွာ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ကြံသီးနှံပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဦးစီးဌာနခွဲ ကြံသုတေသနမျိုးပွားခြံအတွင်းရှိ အလုပ်သမားတန်းလျားနေ ဦးဝေလင်းစိုး(၃၀ နှစ်)၏ (၄×၃)ပင်သက်ငယ်မိုး၊ ထရံကာ မြေစိုက်နေအိမ် အမိုးကြားတွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးပေါက်ပြဲသည့်နေရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မတ် ၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးစတင်လောင်ကျွမ်းရာသို့ ဖြူးမီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဝင်း မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ညောင်ပင်သာမှ မီးသတ်ယာဉ်တစ်စီးနှင့် ခလရ (၅)မှ တပ်မတော်သားများနှင့် ဇဟား ကျေးရွာအုပ်စုရှိ အရန်မီးသတ်နှင့် ကျေးရွာနေပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးကိုထိန်းနိုင်ခဲ့ပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးကို လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အလုပ်သမားဦးရေ ၄၂ ဦးနေ တဲအိမ် ကိုးလုံး မီးလောင်ခံရပြီး မီးစတင်လောင်ကျွမ်းသည့် နေအိမ်မှ ဦးဝေလင်းစိုးကို ညောင်ပင်သာရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**






# ဓာတ်တိုင်တိုက်မိ ယာဉ်မှပါလာသူ လေးဦးလုံး ဓာတ်လိုက်သေဆုံး

**မန္တလေး မတ် ၈**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၁ လမ်းပေါ်အလက(၁၂) ကျောင်းရှေ့၌ မတ် ၇ ရက်နံနက် ၁ နာရီခန့်က ချမ်းအေးသာစံမြို့နယ် ရွှေတိုက်ဝန်းရပ်နေ အောင်ထွန်းလင်း(၂၃ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် တစ်ရပ်တည်းနေ ရဲကိုနောင် (၁၇ နှစ်)၊ မင်းလေပြေ (၂၀ နှစ်)နှင့် ချမ်းမြသာစည်မြို့နယ် သိုးခြံရပ်နေ ကောင်းကျော် (ခ) သက်မင်းစိန် (၁၇ နှစ်)တို့ လိုက်ပါလာသည့် DD ----- AD Vin ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိပြီး ယာဉ်မှာရေမြောင်းထဲသို့ ထိုးကျသွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဓာတ်တိုင်မှာ ရေမြောင်းထဲသို့ ကျိုးကျသွားခဲ့ရာ အောင်ထွန်းလင်းပါလေးဦးမှာ အခင်းဖြစ်ပွားရာ၌ ဓာတ်လိုက်သေဆုံးခဲ့၍ မန္တလေးဆေးရုံကြီးသို့ ပို့အပ်ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# စက္ကူစက်ရုံကုန်ကြမ်းဂိုဒေါင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် (၁) ဦးရွှေပွင့်လမ်းရှိ နီလာစက္ကူစက်ရုံတွင် ယနေ့ နံနက် ၆ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားသည်။

အဆိုပါမီးလောင်မှုသည် စက္ကူစက်ရုံတွင် သိုလှောင်ထားသောကုန်ကြမ်းပစ္စည်းများဖြစ်သည့် ကောက်ရိုးထုံးများမှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိရသေးပေ။

မီးလောင်မှုဖြစ်ရာသို့ အောက်မြန်မာပြည်မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးသော်တာနှင့်အဖွဲ့က ကြီးကြပ်၍ မီးငြိမ်းသတ်ခဲ့သည်။

မီးသတ်ယာဉ် ၁၄ စီး၊ အကူရေပို့ယာဉ် ခြောက်စီးဖြင့်ငြိမ်းသတ်ခဲ့ရပြီး ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားသည့်အတွက် အတွင်းမှလှိုက်၍ လောင်လျက်ရှိရာ သိုလှောင်ရုံဝင်ပေါက်မှ မီးသတ်ယာဉ်မှမီးသတ်ပိုက်ထိုး၍လည်းကောင်း၊ သိုလှောင်ရုံအဆောက်အအုံလေဝင်ပေါက်များမှလည်းကောင်း၊ မီးသတ်ရေပိုက်ထိုး၍ ခက်ခဲစွာ ငြိမ်းသတ်ရသည့်အတွက် မီးသတ်ရဲဘော်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ညနေ ၃ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါနီလာစက္ကူစက်ရုံ၏ပိုင်ရှင်မှာ ဦးတင်မြင့်နီဖြစ်ကြောင်းနှင့် တာဝန်ခံမှာဦးကျော်ဇင်ဟိန်းဖြစ်ပြီး သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**



Travels & Tours
သင်္ကြန်ခရီးစဉ်
ပုဂံ (သီရိပစ္စယာဟိုတယ်) + ပုပ္ပါး (၄ ညအိပ်-၅ရက်) ၁,၉ သိန်း
ပုဂံ (သီရိပစ္စယာဟိုတယ်) + မြင်းဦးလွင် (၅ ညအိပ်-၆ရက်) ၂,၂ သိန်း
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (၄ ညအိပ်-၅ရက်) ၁,၉ သိန်း
ထားဝယ်(ရှင်ကိုးရှင်) + မြိတ် (၆ ညအိပ်-၇ရက်) ၂,၉ သိန်း
ထားဝယ် (ရှင်ကိုးရှင်) + ကန်ချနာဘူရီ (၆ ညအိပ်-၇ရက်) ၃,၂ သိန်း
စစ်တွေ - မြောက်ဦး (Flight) (၄ ညအိပ်-၅ရက်) ၆,၂ သိန်း
No.67, Baho Rd, Sanchaung, Ph: 01-500191, 519292, 519293, 510218, 510491
81 Rd, Bet 33 x 34 Street, Mandalay
Ph: 09-73013856, 09-31693339
Hot Line: 09-73003772

INTERNET journal

Galaxy S6 နှင့် S6 Edge ... Samsung ...
Account ... Facebook ...
GoPro ... Xiaomi ...
Google ... Mr.Diven Lan ...
Infographic (iOS ...)
... Display ...
တနင်္လာနေ့တိုင်း ထွက်ရှိပါပြီ
Marketing - 09 730 32928 | Subscription - 09 730 53320

# တိပိဋကဓရ(ယော)ဆရာတော်၏ (၇၂)နှစ်ပြည့် အိုပွဲမင်္ဂလာကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၏ ဦးစီးပဓာန နာယကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်၏ (၇၂)နှစ်ပြည့်အိုပွဲ မင်္ဂလာအခမ်းအနားကို မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၌ (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်) ၁၀-၃-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားအပ်ပါသည်။

UNIQUE STAR TRAVELS & TOURS
ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900)
အမေရိကား Apr:8 ($ 4400)
ဟောင်ကောင်၊မကာအို Apr:12 ($ 1900)
ကိုရီးယား Apr:11,12 ($ 2300)
ဟောင်ကောင်၊ပေကျင်း Apr:11,12 ($ 1900)
ဂျပန် Apr:9,10,11,12,13 ($ 2300)
ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11 ($ 1300)
စင်္ကာပူ၊မလေးရှား Apr:13 ($ 1300)
Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcazar Show, Ayutthaya (Mar:14,21,28 / Apr:4,10,11,12,13,14,16,18) ($300)
(PhiPhi / James Bond Island, Fantasea Show) Mar: 21,28 / Apr: 10,11,12,13,14,18 ($500)
Mar: 21 / Apr: 11,12 ($500)
Mar: 14,28 / Apr: 10,12,14 ($300)
Mar: 14,28 / Apr: 11 ($400)
70/A, Kabaaye Pagoda Rd, Bahan. 8604964-65-66, 708353, 705723, 0973109133, 0973109144-55-66

ကြော်ငြာ

နှစ်ပေါင်း (၇၀) တိုင် Main Stream Media အဖြစ် ရပ်တည်လာခဲ့သော .....

IMAGE DIMENSIONS OF SELECTED CHANNELS

သင့်ရဲ့ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းကြော်ငြာတွေကို
(၅၁) သန်းလုံးသောပြည်သူတွေထံ အရောက်ပို့ပေးနိုင်သော .....

နိုင်ငံတကာသုတေသနအဖွဲ့များ၏ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက် မှန်ကန်တိကျမှုကို ပရိသတ်တွေရဲ့ ယုံကြည်မှု အမြင့်မားဆုံးရရှိထားသော .....

တစ်ခုတည်းသော Nation Wide News Channel

MRTV

နိုင်ငံပိုင်သတင်းစာများမှာ သင့်ရဲ့အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းတွေကို
ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြားကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည်

## Cross Package အခွင့်အလမ်း

| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား |
|---|---|
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % |
| ၄ လက်မ * ၆ ကော်လံ (Quater Page) | ၁၀ % |

မည်သည့်ကြော်ငြာ၊ မည်သည့်စတ္တန့်
အပေါ်တွင်မဆို
တစ်ကြိမ်
လျှော့ပေါ့ပေးသွားမည်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ပြည်တွင်းသတင်း

# တောင်ကွဲစေတီတော်မြတ်အတွင်း မြို့လုံးကျွတ်ဆွမ်းဆန်တော် လောင်းလှူ

**လှိုင်ကော် မတ် ၈**

ကယားပြည်နယ် လွိုင်ကော်မြို့ တောင်ကွဲစေတီတော်မြတ်ကြီး၏ ပရိဝုဏ်ပတ်လည်တွင် နှစ်စဉ်ကျင်းပသော (၄၆) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို မတ် ၄ ရက် (တပေါင်းလပြည့်နေ့) မွန်းလွဲ ၂ နာရီက အဆိုပါ တောင်ကွဲစေတီတော် ပရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကို လွိုင်ကော်မြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများနှင့် ကျောင်းတိုက်များမှ ဆရာတော် သံဃာတော် အပါး ၁၈၀၀ ကျော်နှင့် သီလရှင် ၂၀၀ တို့ကို



ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့်တာဝန်ရှိသူများ၊ ရပ်ကွက်များ မှ စေတနာရှင်များ စုပေါင်း၍ ဆွမ်းဆန်တော်များ စည်ကား သိုက်မြိုက်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# တရားမဝင်သစ်နှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**မန္တလေးမတ် ၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းထုတ်ယူသယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများကို ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (ဂ) ရပ်ကွက် ၆၈×၆၉ လမ်းကြား မင်းကြီးရန်နောင်လမ်းနေရာမှ တရားမဝင် တမလန်း ခါးရွေ ၁၂လုံး ၁ ဒသမ ၄၆၅၀ တန်ကို ယာဉ်အမှတ် -8H/---- (Light Truck) ယာဉ်တစ်စီးနှင့်အတူ ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဖေဖော်ဝါရီ ၄ ရက်ကလည်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ရိုးမကြိုးပြင်ကာကွယ်တောရှိ အကွက် (V) အတွင်းမှ တရားမဝင် ကျွန်းသစ်လုံး ၁၁ လုံး ၂ ဒသမ ၉၂၆ တန်၊ ပျဉ်းကတိုးသစ် ၁၈ လုံး ၇ ဒသမ ၅၂၆ တန်နှင့် အကွက် (11)အတွင်းမှ ပျဉ်းကတိုး ၃၈ လုံး ၅ ဒသမ ၇၉၆ တန်ကို ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိပြီး သာဂရ -ကိုးပင်လမ်းမိုင်တိုင် ၁/၂ အနီးနေရာမှ တရားမဝင် ကျွန်းခါးရွေ ရှစ်ချောင်း ၀ ဒသမ ၆၉၃၂ တန်ကို ဆိုင်ကယ်သုံးစီးနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။ ထို့အတူ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်မှ တောအုပ်ကြီး ဦးဆောင်သောအဖွဲ့ကလည်း သူရဲတန်းကြိုးဝိုင်း အကွက်အမှတ် (၃၇) အတွင်းမှ စကားဝါခွဲသား ရှစ်ချောင်း ၁ ဒသမ ၁၆၃၂ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**ကျောက်ချောလမ်းခင်း**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခိုင်ခန့်ဖြူစင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သော ငါ့ဆက်ကန်ကျေးရွာမှ ကပစ(၁၀)ကွန်ကရစ်လမ်းအထိ ခန့်မှန်းကုန်ကျငွေကျပ် ၉၄ ဒသမ ၉၉ သန်းဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း( ၁၅၈၄၀ ပေ×၁၂ ပေ×၈လက်မ)ဆောင်ရွက်နေမှုကို မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးကော်မတီက စစ်ဆေးကြီးကြပ်စဉ်။ (မြန်မာ့အလင်း)

# ကျေးရွာချင်းဆက်တံတားဖွင့်

**ရမ်းဗြဲ မတ် ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ချောင်းနယ်ကျေးရွာနှင့် ဖက်ကြပ်ကျေးရွာချင်းဆက် တံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ စတုတ္ထပတ်က အဆိုပါ တံတားရှေ့၌ကျင်းပရာ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တံတားသစ်မှာ အလျားပေ ၄၀၊ အမြင့် ၁၀ ပေနှင့် အကျယ် ၁၄ ပေရှိပြီး ကျောက်စီကမ်းကပ်ခုံ ကွန်ကရစ် ရက်မသစ်သားခင်း တံတားအမျိုးအစားဖြစ်ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉ ဒသမ ၈ သန်းအကုန်အကျခံပြီး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၅၇)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**တောင်တွင်းကြီး မတ် ၈**

လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို တောင်တွင်းကြီးမြို့နယ် ချောင်းနက်အနောက်ကျေးရွာ၌ မတ် ၆ ရက်က ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းက လူကုန်ကူးမှုတားဆီးရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒေါ်သီသီတင်က အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အသင်းဝင်အမျိုးသမီးများအား အသင်းဝတ်စုံနှင့် အမျိုးသမီးရေးရာဝတ်စုံများကို ပေးအပ်ကာ သက်ကြီးဘိုးဘွားများအား ဆေးဝါးနှင့် အာဟာရဖြစ်စေမည့် အစားအစာများကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**နိုင်ဝင်း**

# ရန်ကုန်မြို့ မိုးကာလလမ်းများပေါ်ရေကြီးရေလျှံခြင်းမရှိရန် ကြိုတင်ဆောင်ရွက်

**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့ကြီး၏ အချို့သော ရပ်ကွက်တို့မှာ နှစ်စဉ် မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ အဓိကရေစီး ရေလာမြောင်းများ ရေဆင်းအားနည်းမှုကြောင့် ဖြစ်သည်ဟု လူအများက ဆိုကြသည်။ ရန်ကုန်မြို့တော်စည်ပင်မှ တာဝန်ရှိသူများက မြို့နေလူထုထပ်သိပ်သည်းလာခြင်း စည်းကမ်းမဲ့သူတို့ မြောင်းများအတွင်း အမှိုက်များစွန့်ပစ်မှုကြောင့်ဟု သုံးသပ်ကြသည်။

မည်သို့ပင်ဆိုကြစေ၊ မည်သို့ပင်သုံးသပ်ကြစေ၊ ယခုလာမည့် မိုးရာသီမှစ၍ လမ်းများပေါ်၌ ရေကြီး၊ ရေလျှံ၊ ရေတင်ခြင်းများ မဖြစ်စေရန် မြို့တော်စည်ပင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က အဓိကမြို့တွင်းလမ်းမကြီးများနှင့် မြို့နယ် ယာဉ်သွားလမ်းမကြီးများဘေး၌ ရေနုတ်မြောင်းကြီး၊ မြောင်းငယ်များကို ကြိုတင် တူးဖော်လျက်ရှိနေသည်ကို တွေ့လာရသည်။

ကြီးမားသောလုပ်ငန်း စီမံချက်တစ်ရပ်အနေဖြင့် သိမ်ဖြူလမ်းမကြီးတစ်လျှောက်၊ အနော်ရထာလမ်းမကြီး၊ မဟာဗန္ဓုလလမ်းမကြီး၊ ကုန်သည်လမ်းမကြီး၊ ကမ်းနားလမ်းမကြီးများကို ဖြတ်ကျော်လျက် မြစ်ကမ်းနားအထိ ပေ ၂၆၆၀ ကျော် ရှည်သော ရေဆင်းမြောင်းကြီးတစ်ခု တူးဖော်လျက်ရှိနေသည်ကို တွေ့မြင်နေရသည်။

ယင်း သိမ်ဖြူလမ်းမကြီးအောက်ရှိ မြောင်းမှာ ဟိုးယခင် အင်္ဂလိပ်ခေတ်ကတည်းက လခြမ်းသဏ္ဌာန်အုတ်စီ တည်ဆောက်ထားခြင်းကိုတွေ့ရသည်။ မြောင်းအဝအကျယ်မှာ လေးပေခန့်ရှိသည်ကို တွေ့ခဲ့ရသည်။ ယနေ့ခေတ်ကာလနှင့်ဆိုပါက ဝန်နှင့်အားမမျှတသော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး မြောင်းတစ်လျှောက် အားကောင်းသော အမှိုက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တို့မှ ကျဆင်းသော သဲ၊ ခဲများ၊ နုန်းထုများက ထုနှင့်ထည်နှင့် ပိတ်ဆို့နေသည်ဟုဆိုသည်။ ထို့အတွက် ရေဆင်းအားလျော့ပါးလာပြီး မိုးကာလကျဆင်းသော ရေတို့မှာ လမ်းပေါ်၌သာ တင်ကျန်နေခြင်းဖြစ်သည်ဟု သိရသည်။

ယင်းမြောင်းဟောင်းကို ဖြိုဖျက်ပြီး အကျယ်ရှစ်ပေ၊ အနက်ပျမ်းမျှ ၁၀ ပေ မှ ၁၂ ပေအထိ အုတ်စီကွန်ကရစ်မြောင်းကြီးအဖြစ်



ပြန်လည် တည်ဆောက်လျက်ရှိနေသည်။ လုပ်ငန်းအခက်အခဲမှာ လုပ်ဆောင်နေရင်းကြားမှပင် ရေဆိုးများ စီးဝင်လာမှု၊ မြစ်ရေပြန်လည်စီးဝင်မှုများကြောင့် အချိန်များစွာပေးဆောင်ရွက်နေရကြောင်း လုပ်ငန်းကြီးကြပ်သူ အရာရှိကြီးတစ်ဦးက ဆိုသည်။

ထို့အပြင် သိမ်ဖြူလမ်း ဝန်ကြီးများရုံးဟောင်းဘက်အခြမ်း တစ်လျှောက်တွင်လည်း ယခင်မြောင်းဟောင်းထက် နှစ်ဆအကျယ် အနက်ရှိသော ရေဆင်းမြောင်းတစ်ခုကိုပါ ထပ်မံတူးဖော်ထားသည်ကို တွေ့ရသည်။

လမ်းနှင့် တံတားဌာနမှ တာဝန်ရှိသူတစ်ဦး၏ ဆိုစကားအရ ဗိုလ်အောင်ကျော်လမ်း၊ သိမ်ဖြူလမ်း၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဆိုးတန်းလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဆူးလေဘုရားလမ်း၊ ရွှေဘုံသာလမ်း၊ လသာလမ်း၊ လမ်းမတော်လမ်းတွင်လည်း ကမ်းနားမြစ်တွင်းဆီသို့ စီးဝင်နိုင်ရန် ရေမြောင်းကြီးများကို ဖောက်လုပ်သွားမည်ဟု သိရသည်။

**သတင်းဆောင်းပါး-**
**တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ဘော်ဂါသွေး**

ထိုရေမြောင်းကြီးများ အတွင်းသို့စီးဝင်စေမည့် ရေနုတ်မြောင်းအကျယ်ကိုလည်း လမ်းမကြီးများဘေးတစ်လျှောက် ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆက်စပ်မြို့နယ်များဖြစ်သည့် အလုံ၊ ကြည့်မြင်တိုင်မြို့နယ်တစ်လျှောက် ယာဉ်သွားလမ်းမကြီးများဘေးတွင်လည်း ရေဆင်းအားကောင်းစေမည့် ရေမြောင်းများကိုပါ တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ဖောက်လုပ်ထားသည်ကို တွေ့နေရပြီဖြစ်သည်။

ထို့အတွက် လာမည့်မိုးရာသီ၌ မြို့တွင်းလမ်းမကြီးပေါ်၌ ရေကြီးရေတင် ရေလျှံခြင်းမှ အလုံးစုံမပပျောက်သည့်တိုင် များစွာလျော့နည်းသွားတော့မည်ဖြစ်သည်။

## ပြည်တွင်းသတင်း

# လမ်းပခုံးများကျောက်ကတ္တရာခင်းကျင်း ဆောင်ရွက်

**နောင်ချို မတ် ၈**

နောင်ချိုမြို့နယ် မန္တလေး-လားရှိုးပြည်ထောင်စုကားလမ်းမကြီးတွင် နေ့စဉ်ယာဉ်ကြီး၊ ယာဉ်ငယ်ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်သွားလာနေရာ မိုးရာသီတွင် ဂုတ်တွင်းကားလမ်း၌ တောင်ကျရေများတိုက်စား၊ စီးဆင်းမှုကို ကြိုတင်ကာကွယ်ရေးအတွက် နောင်ချို-ဂုတ်တွင်းကားလမ်း မြို့တွင်းလမ်း လမ်းဘေးဝဲယာတစ်ဖက်တွင် အေးရှားဝေါလ်လမ်းစီမံကိန်းမှအင်ဂျင်နီယာ ဦးမိုးညွန့် ဦးဆောင်ကာ ဝန်ထမ်းလုပ်သားများ၊ စက်ယန္တရားများဖြင့် ကျောက်ဖြည့်တင်းခြင်း၊ ကျောက်၊ ကတ္တရာများကို မတ် ၆ ရက်က ခင်းကျင်းကြောင်း သိရသည်။ အဆိုပါ လမ်းပခုံးကျောက်၊ ကတ္တရာခင်းကျင်းကြသဖြင့် ယာဉ်များသွားလာမှု ယခင်ကထက်လွယ်ကူမြန်ဆန် ဖြတ်သန်းမောင်းနှင်နိုင်တော့မည် ဖြစ်သည်။ **(ဝ၆၁)**

# နွေအတွက် ရေမခက်ရေး ဖြည့်ဆည်းဆောင်ရွက်

**လွိုင်လင် မတ် ၈**

ပူပြင်းခြောက်သွေ့သော ရာသီရောက်လာပြီဖြစ်သဖြင့် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များတွင် မြစ်ချောင်း ရေကန်များ ရေလျော့နည်းလာပြီဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ ရေခက်ခဲသောရပ်ကွက်များတွင် ရေပိုက်လိုင်းများမှတစ်ဆင့် တည်ဆောက်ထားသော စည်ပင်ရေကန်များအတွင်း ဖြည့်ဆည်း၍ ဒေသခံများသောက်သုံးရေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားသည်။ မြို့နယ်မီးသတ်ဦးစီးဌာနမှ အဆိုပါရေကန်များအတွင်း မီးသတ် ကားများဖြင့် မတ် ၇ ရက်က ရပ်ကွက် (၁) စည်ပင်သာယာရေးရေလှောင်ကန်တွင်လိုအပ်သည့် ရေဂါလန် ၁၅၀၀ ကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ အဆိုပါရေဂါလန် ၁၅၀၀ ဆံ့ ရေကန်ကို ရေခက်ခဲသည့် အိမ်ထောင်စု ၅၀ တို့က မှီခိုအားထားနေရကြောင်းသိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**



# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နောင်တရား မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်ခွဲတွင် မတ် ၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ ဒုရဲအုပ် ထွန်းထွန်းနှင့်အဖွဲ့သည် ကြိုတင်သတင်းအရ မော့ဘီတံတားဘက်မှ ပင်လောင်းဘက်သို့သွားသော တုန်ဟုန်းကားလမ်း မိုင်တိုင်အမှတ်(၄၂/၀)အနီးတွင် ချစ်မောင်က ဆိုင်ကယ်နံပါတ် ၃၇ယ/. . . . တပ်ဆင်ထားသော Wave 125 SUMBO STAR အမျိုးအစား အဖြူရောင် တရုတ်နိုင်ငံလုပ် ဆိုင်ကယ်ကို ပင်လောင်းမြို့သို့မောင်းနှင်လာစဉ် ရပ်တန့်စေ၍ သက်သေများ ရှေ့ ရှာဖွေရာ ချစ်မောင်၏ ခန္ဓာကိုယ်တွင်ပတ်ထားသည့် အစိမ်းရောင်တိပ်ဖြင့် ခါးပတ်သဏ္ဍာန်ပြုလုပ်ထားသော ခါးပတ်အိတ်အတွင်းထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားတစ်ထုပ်လျှင် ၂၀၀ စီပါ အထုပ် ၂၀ စုစုပေါင်း အလေးချိန် ၄၀၀ ဂရမ်တို့ကို သက်သေများနှင့် အတူရှာဖွေတွေ့ရှိ၍ ဒုရဲအုပ် ထွန်းထွန်းက ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ သို့ဖြစ်ပါ၍ ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါး(စိတ်ကြွရူးသွပ်ဆေးပြား)များကို သယ်ဆောင်လာသူ ချစ်မောင် ကုန်းစုကျေးရွာအုပ်စု ဆီဆိုင်မြို့နယ်နေသူအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ခွန်အောင်(iprd)**

# မလှိုင်မြို့နယ်တွင် ကျေးရွာရေဘေးကာကွယ်ရန် တူးမြောင်းတူးဖော်




**မလှိုင် မတ် ၈**

နိုင်ငံတော်အစိုးရသစ်လက်ထက်၌ မြို့ရွာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စီမံကိန်းရေးဆွဲရာတွင် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး စိုက်ပျိုးရေးရရှိရေး လျှပ်စစ်မီးရရှိရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်လမ်းတံတား များတိုးချဲ့ဖောက်လုပ်ရေး၊ သောက်သုံးရေဖူလုံရေးနှင့် ဆင်းရဲမှုလျှော့ချရေးများကို အဓိကအလေးထား ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကံတွင်းအုပ်စု မုံပင်ကျေးရွာ တောင်ဘက်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း၌ မိုးတွင်းကာလရေဘေးကာကွယ်ရန်နှင့် ရေမဝင်စေရန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လာရောက်၍ ရေလွှဲတူး မြောင်းကို စက်ယန္တရားကြီးဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က စတင်တူးဖော်ပေးခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ငယ်ငယ်က မိုးတွင်းကာလရောက်မှာကို စိုးရိမ်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုတူးဖော်နေတဲ့ နေရာဘက်က ရေတွေဝင်လို့ ကျေးလက်နေပြည်သူတွေ အခက်အခဲဖြစ်ပေါ်ရပါတယ်။ ထို့အတူ မုံပင်ကျေးရွာက အထက်တန်းကျောင်းသား ကျောင်းသူတွေအတွက် အခက်အခဲဖြစ်ပေါ်ရပါတယ်။ အခုအခါ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ကျေးရွာရေဘေးကာကွယ်မှုအနေနဲ့ တူးဖော်ပေးတဲ့အတွက် ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု မလှိုင်မြို့နယ် လက်ထောက် ပညာရေးမှူး ဦးစောလွင်က ပြောသည်။

**ကျော်ကျော်(မလှိုင်)**

# မြို့ဆိပ်ကမ်းသာယာလှပရေး စွန့်ပစ်အမှိုက်များ စုပေါင်းရှင်းလင်း

**မော်လိုက် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၏ မြို့ဆိပ်ကမ်းသည် စည်းကမ်းမဲ့သူများ၏ စွန့်ပစ်အမှိုက်များကြောင့် မြို့ဆိပ်ကမ်းအလှပျက်စီးခဲ့ရသည်။ ထိုသို့ ဂုဏ်ယူဖွယ်ရာ မြို့ဆိပ်ကမ်းအလှ ထပ်မံမပျက်စီးစေရန်ရည်ရွယ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူတို့ပူးပေါင်း၍ မြို့ဆိပ်ကမ်းသာယာလှပရေး၊ စွန့်ပစ်အမှိုက်များ ရှင်းလင်းရေးနှင့် မြို့မဈေးအတွင်း စွန့်ပစ်အမှိုက်များရှင်းလင်းရေးကို မတ် ၇ ရက်က မော်လိုက်မြို့ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ စွန့်ပစ်အမှိုက်များနှင့် မြို့မဈေးအတွင်းရှိ စွန့်ပစ်အမှိုက်များအား ကောက်ယူရှင်းလင်းခဲ့ကြသည်။

အဆိုပါ မြို့ဆိပ်ကမ်းသာယာလှပရေးအတွက် ကမ်းနားလမ်းဘေးတစ်လျှောက်ရှိ အပင်များတွင် အမှိုက်မပစ်ရဟူသည့် ဆိုင်းဘုတ်များထားရှိခြင်း၊ လမ်းဘေးဝဲယာ များတွင်လည်း အမှိုက်ပုံးများကို ထားရှိပေးစေပြီး စည်းကမ်းမဲ့ အမှိုက်ပစ်သူများကိုလည်းတွေ့ရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ပွား(မော်လိုက်)**

# တစ်အိမ်သုံးဆိုလာမီးပေးအပ်ပွဲကျင်းပ

**လဟယ် မတ် ၈**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ခါးလယ်ကျေးရွာအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် တစ်အိမ်သုံးဆိုလာမီးပေးအပ်ပွဲ အခမ်းအနားကို မတ်လ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက လဟယ်မြို့နယ် ခါးလယ်ကျေးရွာ ဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုံးကြူးက တစ်အိမ်သုံးဆိုလာ ၁၃၅ စုံကို ပေးအပ်ခဲ့ရာ ခါးလယ်ကျေးရွာ ပြည်သူများက လက်ခံယူကြသည်။ နာဂဒေသအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လဟယ်မြို့နယ်ရှိ ကျေးရွာ ၁၀ရွာအတွက် ဆိုလာမီး ၁၀၇၁ စုံကိုလည်းကောင်း၊ လေရှီးမြို့နယ် ကျေးရွာ ၁၀ရွာအတွက် ဆိုလာ ၅၇၅ စုံကိုလည်းကောင်း၊ နန်းယွန်းမြို့နယ် ကျေးရွာ ကိုးရွာအတွက် ဆိုလာ ၁၁၁၇ စုံ စုစုပေါင်း နာဂဒေသ ၂၉ ရွာအတွက် ဆိုလာမီး ၂၇၆၃ စုံတို့ကို တပ်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ဝါးထွက်နှုန်းကျဆင်း၍ အလယ်ရိုးမအနီးထိသွားရောက်ခုတ်ယူရ

**ဥက္ကံ မတ် ၈**

ဥက္ကံမြို့မှ ၂၂ မိုင်ဝေးသော တဘူးလှဆည်ဝန်းကျင်တွင် ယမန်နှစ်ထက် ဝါးထွက်နှုန်း ကျဆင်းလာမှုကြောင့် ဆည်အရှေ့ဘက်ရှိ အလယ်ရိုးမထိ သွားရောက်ရှာဖွေရသည့်အတွက် သယ်ယူစရိတ်မြင့်မားမှုနှင့်အတူ ဝါးဈေးနှုန်းလည်း အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က ဆည်ထဲမှာရှိတဲ့ ကုန်းတန်းတွေမှာပေါက်တဲ့ ကြသောင်းဝါး၊ တင်းဝါးကို လိုသလောက်ခုတ်ယူပြီး အိမ်သုံး၊ ဆိုင်သွင်းအတွက် သုံးရက် ခရီးဆိုရင်ရတယ်။ ဒီနှစ်ဝါးရှားလာတော့ ဆည်အရှေ့ဘက်မှာရှိတဲ့ အလယ်ရိုးမနားထိ လှည်းနဲ့ ငါးရက် ခရီးသွားကြရတယ်။ နွားကောင်းမှ လှည်းတစ်စီးကို ဝါးအလုံး ၁၂၀ ရတယ်။ အများအားဖြင့်အလုံး ၈၀ ပဲရကြတယ်။ ဝါးပေါက်နှုန်းထက် ခုတ်တဲ့လူကနိုင်နေတော့ ဝါးဈေးကတက်သွားတာပါ။ သကြံန်မှ ဈေးပိုတက်နိုင်တယ်။ ဆည်ကနေ ဥက္ကံသကြားစက်နား ဂိတ်ခြောက်ဂိတ် ဖြတ်ရတယ်။ တစ်ဂိတ်ကို ငွေကျပ် ၅၀၀ ကနေ ၁၀၀၀ အထိပေးရတယ်။ ရွာမှာသုံးဖို့ ကိုယ့်အုပ်စုနဲ့ကိုယ် တက်လာကြတာ။ မြို့မှာ ဝယ်မသုံးနိုင်ဘူး။ ဝါးရှားလာတော့ ဝါးရဖို့ လူရော၊ နွားပါ ပိုပင်ပန်းခံရတာပေါ့" ဟု ဥက္ကံမြို့ အနောက်ဘက်ရှိ ဂေါ့ရွာသား ဦးဖိုးမောင်ကပြောသည်။



တဘူးလှဆည်အတွင်းမှ တင်းဝါး၊ သရဖူဝါး၊ကြသောင်းဝါး အထွက်များပြီး ယခုဝါးထွက်နှုန်း ကျဆင်းလာကြောင်း၊ လွန်ခဲ့သော ၁၀ နှစ်ကျော်ကသစ်ထွက်နှုန်းကောင်းသောနေရာဖြစ်ခဲ့ပြီး ယခု ရှားပါးသွားပြီဖြစ်ကြောင်း၊ ဒေသသုံးအဖြစ် ဥက္ကံမြို့ အနောက်ဘက်ရှိ အုတ်တွင်း၊ ရေနက်လမ်းဝင်၊ ငှက်ပျောတော၊ရေနက်ကွေ့၊ ဂေါ့ကျေးရွာနှင့်အခြားရွာများ၊ သုံးဆယ်မြို့အနီးမှရွာများ အိမ်သုံးအဖြစ် တဘူးလှဆည်မှထွက်သော ဝါးကို အားထားနေရကြောင်းနှင့် ဥက္ကံမြို့နှင့် ဆည်ကြားတွင်ရှိသော ပနီပင်ရွာ၊ စိန်ချောင်း၊ တောင်ပို့လှ၊ ဆိုင်ခေါင်း၊ ကမ်းမြောင်၊ ဥယျာဉ်ကြီးရွာ၊ စမ်းရွာရေအိုးစင်၊ ချောင်းစောက်၊ မအူခုံး၊ လျော်ပုံ၊ တောင်မြင့်ကုန်း၊ ကတ္တရာဇာ၊ ဘုရားကုန်း၊ ပေဒါအိုင်၊ အရိုးတောင်စသည့် ရွာများမှာလည်း အိမ်သုံး၊ လုပ်ငန်းသုံးအဖြစ် ဆည်အတွင်းမှထွက်ရှိသော ဝါးကိုသာ အားပြုနေရပြီး ယခုနှစ် မှစ၍ ဝါးထွက်နှုန်း ရှားလာသောကြောင့် အလယ်ရိုးမအနီးထိ သွားရောက် ခုတ်ယူနေရကြောင်း သိရသည်။ **သန်းထိုက် (လှိုင်သာယာ)**

ပြည်တွင်းသတင်း

# ဆည်ကြီးကျေးရွာ လျှပ်စစ်မီးလင်းရေးစာချုပ် ချုပ်ဆို

**သာစည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆည်ကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီနှင့် လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်မည့် မြူနှင်းလျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ရေးအဖွဲ့တို့ မတ် ၄ ရက်က စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းဆိုင်ရာစာချုပ်ကို ဆည်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ချုပ်ဆိုခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရတို့ တက်ရောက်ကြသည်။ အဆိုပါစာချုပ်အရ စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ မြူနှင်းကုမ္ပဏီက ဆည်ကြီးကျေးရွာ လျှပ်စစ်မီးရရှိရန် ကိုးလအတွင်းအပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၉၁၂ သိန်းကို ကျေးရွာမီးလင်းရေးကော်မတီက အရစ်ကျစနစ်ဖြင့်ပေးအပ်ကာ လျှပ်စစ်မီးလင်းချိန်တွင် အကျေပေးချေရမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

# နမ့်စန်ပြည်သူ့စာကြည့်တိုက်တွင် ဒီဂျစ်တယ်စာကြည့်တိုက်စနစ် တပ်ဆင်

**နမ့်စန် မတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်းမှ စာပေဝါသနာရှင်ပြည်သူများအနေဖြင့် စာအုပ်၊ စာပေများပိုမိုဖတ်ရှုနိုင်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်တွင် PDLS (Public Digital Library Service) စက်ကို တပ်ဆင်ပေးထားပြီး ၂၄ နာရီ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

စာဖတ်လိုသည့် ပြည်သူများအနေဖြင့် စာအုပ်များကို အလွယ်တကူအခမဲ့ဖတ်ရှုနိုင်ရန် ဖေဖော်ဝါရီ ၂၈ ရက်က စတင်ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ PDLS စက်မှ ဝိုင်ဖိုင်စနစ်ဖြင့်လွှင့်ပေးထားသော စာအုပ်များကို မိမိတို့၏ ဖုန်းနှင့် ကွန်ပျူတာများဖြင့် ဖမ်းယူဖတ်ရှုနိုင်ပြီး အတားအဆီးမရှိပါက မီတာ ၆၅၀ အကွာအဝေးအတွင်းမှ ဖတ်ရှုနိုင်ကြောင်း၊ သုတရသ စာအုပ်စာစောင်များ စုစုပေါင်း ၇၀၀၀ ကျော်ကို ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ PDLS စက်တပ်ဆင်ထားပြီးနောက် ကျောင်းသား ကျောင်းသူများ၊ စာဖတ်ဝါသနာရှင် ပြည်သူများအနေဖြင့် စာကြည့်တိုက်သို့ လာရောက်ဖတ်ရှုမှု ပိုမိုများပြားလာကြောင်းလည်း သိရသည်။ **သူရအောင်**



# သပိတ်ကျင်းမြို့၌ သောက်သုံးရေဖြန့်ဝေရန် ထရန်စဖော်မာသစ်တစ်လုံး တိုးချဲ့တပ်ဆင်

**သပိတ်ကျင်း မတ် ၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ မှန်သာရပ်ကွက်၌ စည်ပင်သာယာရေးကော်မတီခွင့်ပြုရန်ပုံငွေဖြင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ၁၁ ကေဗွီအေဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းတပ်ဆင်မှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁ ဒသမ ၁၆၇ သန်းဖြင့် သောင်းသန်းကုဋ္ဌေကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မတ် ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

သပိတ်ကျင်းမြို့တွင် သောက်သုံးရေပေးဝေရေးအတွက် သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဧရာဝတီမြစ်ရေတင်လုပ်ငန်းဆောင်ရွက်ရာတွင် ရပ်ကွက်ပြည်သူများ လက်ရှိအသုံးပြုနေသည့် 315 kv ထရန်စဖော်မာမှ ခွဲဝေအသုံးပြုရကြောင်း၊ မီးအားပြည့်မီခြင်းမရှိသည့်အတွက် သောက်သုံးရေပေးဝေရာတွင် အဆင်မပြေဘဲ မီးအားပြည့်သည့် ညအချိန်များတွင်သာ ပေးဝေခဲ့ရသဖြင့် ဒေသခံပြည်သူများ အခက်အခဲဖြစ်ရကြောင်း၊ ပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် မြစ်ရေတင်ရာတွင် အသုံးပြုရန် သီးသန့်ထရန်စဖော်မာကို တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ထရန်စဖော်မာတပ်ဆင်ပြီးစီးပါက နေ့အချိန်များတွင်ပါ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်သူများအတွက် ရေရရှိရေးအဆင်ပြေသွားမည် ဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**



# အဆင့်မြင့်လယ်ယာမြေ ဧက ၇၀ ဖော်ထုတ်မှု မကြာမီပြီးစီးမည်

**မြင်းမူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျော့ရွာကျေးရွာ ကွင်းအမှတ်(၃၆၅)၌ အဆင့်မြင့်လယ်ယာမြေ ဧက ၇၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ဇေယျာအောင်မြေကုမ္ပဏီတို့ ပူးပေါင်းပြီး ဇန်နဝါရီလအတွင်းက စတင်ဖော်ထုတ်ခဲ့ရာ မကြာမီလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ပျော့ရွာကျေးရွာမှ တောင်သူ ၃၈ ဦး ပိုင်ဆိုင်သည့် လယ်ယာမြေ ဧက ၇၀ ကို လယ်တစ်ကွက်လျှင် အလျား ၃၆၃ ပေ၊ အနံပေ ၁၂၀ နှုန်းရှိသည့် အဆင့်မြင့်လယ်ကွက်ပေါင်း ၈၂ ကွက်အဖြစ် ဖော်ထုတ်နေခြင်းဖြစ်ကြောင်း သိရသည်။ "အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာမှာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ထွန်စက် ခြောက်စီး၊ ဇေယျာအောင်မြေကုမ္ပဏီက မြေထိုး၊ မြေကော်ယာဉ်တစ်စီးနဲ့ မြေသယ်ယာဉ် ၁၅ စီးနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်မှုအတွက် တစ်ဧကကုန်ကျစရိတ် ၄ ဒသမ ၉၅ သိန်း ဖြစ်ပါတယ်။ အဆင့်မြင့်လယ်ယာမြေမှာ ရေသွင်း၊ ရေထုတ်မြောင်းပါတဲ့အတွက် လိုသလို ရေသွင်း၊ ရေထုတ်နိုင်ပြီး လယ်ကွက်ထဲက ရေအနည်းအများကို ထိန်းညှိပေးနိုင်တဲ့အတွက် စပါးပင်ပွားကို မျှတစွာရရှိနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်း ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေပါတယ်" ဟု မြင်းမူမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနမှူး ဦးကျော်မင်းမင်းထွန်းက ပြောသည်။

အဆင့်မြင့်လယ်ယာ ဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်းရှိခြင်း၊ စက်စွမ်းအားပြည့် အသုံးပြုနိုင်ရန် လုံလောက်သော အကျယ်အဝန်းရှိခြင်း၊ ထောင့်မှန်စတုဂံဖြစ်၍ အလျား၊ အနံ (၃း၁)ခန့်ရှိခြင်း၊ လယ်မြေမျက်နှာပြင် ညီညာမှုရှိခြင်း၊ ရေသွင်း ရေထုတ်မြောင်းရှိခြင်း၊ ကန်သင်းများ ကောင်းမွန်ခြင်းနှင့် သဘာဝမြေဩဇာ ပြည့်စုံကောင်းမွန်ခြင်းစသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ဖော်ထုတ်နေခြင်းဖြစ်ကြောင်း သိရသည်။

စက်မှုလယ်ယာဦးစီးဌာနသည် စပါးအထွက်နှုန်းတိုးရေးအတွက် မြို့နယ်အသီးသီးရှိ ကျေးရွာများမှ တောင်သူများ၏ ပုံမှန်လယ်မြေများကို စနစ်ကျသော အဆင့်မြင့်လယ်ယာမြေများအဖြစ် ပြောင်းလဲဖော်ထုတ်ပေးလျက်ရှိသည်။ ထို့အပြင် တောင်သူများအား လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်အသုံးချနည်းနှင့် ပြုပြင်နည်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းများကိုလည်း မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖိုးခါး(iprd)**

# ကျေးရွာ ၃၀ ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်နိုင်ခဲ့

**ကျိုင်းတုံ မတ် ၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ တွင် ဆိုလာ၊ ရေအားလျှပ်စစ်နှင့် မီးစက်များအသုံးပြု၍ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ထောက်ပံ့ရန်ပုံငွေများဖြင့် ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆိုလာစနစ်ဖြင့် ကျေးရွာ ၂၄ ရွာ၊ ရေအားလျှပ်စစ်ဖြင့် ကျေးရွာ လေးရွာ၊ မီးစက်ဖြင့် ကျေးရွာ နှစ်ရွာ စုစုပေါင်းကျေးရွာ ၃၀ တွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်မီးရသော ကျေးရွာ ၃၀ အနက် နောက်ဆုံးရရှိသော ဖာလိုင်းနှင့်ကျိုင်းခေါင်ကျေးရွာများသို့ ကျေးရွာလုံးကျွတ် ဆိုလာမီးလွှဲပြောင်းပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကို မတ် ၂ ရက်တွင် ဖာလိုင်းကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။ ရွာလုံးကျွတ် ဆိုလာမီးလွှဲပြောင်းပေးအပ်ပွဲတွင် ကျေးရွာများ၌ ဆိုလာမီးတပ်ဆင်ရေးဆောင်ရွက်ခဲ့သော Mega Globla Green ကုမ္ပဏီက ဆိုလာမီးတပ်ဆင်အသုံးပြုပုံများကို ရှင်းလင်းသရုပ်ပြပြီး ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၈၅ အိမ်အတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မိုင်းခတ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်က ကျေးရွာများတွင် မီးရရှိရေး ဆောင်ရွက်ခဲ့မှုများနှင့် အခြားကျေးရွာများတွင်လည်း လျှပ်စစ်မီးရရှိရန် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးဆောင်ရွက်ထားမှု၊ မီးဘေးအန္တရာယ်၊ မူးယစ်ဆေးဝါးနှင့် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပညာပေးဟောပြောသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ တောင်ယာခုတ်ခြင်းနှင့် တောမီးရှို့ခြင်း ဥပဒေများ၊ သစ်ပင်များတိုးချဲ့စိုက်ပျိုးရန် သစ်တောဦးစီးဌာနက ပျိုးပင်များအခမဲ့ဖြန့်ဝေပေးနေသည့် အခြေအနေများကိုလည်ကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်လျက်ရှိသော ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးသဖြင့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိအသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှစ၍ မြို့နယ်အုပ်ချုပ်ရေးမှူးများအထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေအား၊ ဆိုလာစသည့် နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားရရှိအသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

ပြည်တွင်းသတင်း

# မြင်းမူမြို့နယ်မီးသတ်စခန်း ဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီး



**မြင်းမူ မတ် ၈**

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၅၁၁၁ သိန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင်တည်ဆောက်လျက်ရှိသော မြို့နယ်မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်တည်ဆောက်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၅၁၁ သိန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၅ ပေရှိ ၅ ယူနစ် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်သည်။ မီးသတ်စခန်းအဆောက်အအုံသစ်အပြင် အလျားပေ ၁၀၀၊ အနံပေ ၄၀၊ အမြင့် ၂၂ ပေစီရှိ လေးခန်းတွဲ သံကူကွန်ကရစ် နှစ်ထပ်ဝန်ထမ်းအိမ်ရာအဆောက်အအုံ နှစ်လုံးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း ၁၈၀၀ စီဖြင့် ကျော်စွာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိပြီး မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများအတွက် စုစုပေါင်းကုန်ကျစရိတ် ကျပ်သိန်း ၅၁၁၁ ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဗေ(iprd)**

# အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူကြမ်းရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**ဂန့်ဂေါ မတ် ၈**

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူကြမ်းရေးဆွဲရေးအတွက် မြို့နယ်အဆင့် အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲနိုင်ရန် ထည့်သွင်း စဉ်းစားသင့်သည့်အချက်များကို စတင်ဆွေးနွေးခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်ကြသည့် ဌာနဆိုင်ရာများနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **စိန်ကျော်(ဝါးဘိုးချောင်)**

# ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်မှု မတ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်မည်

**ပန်းတနော် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေကျောင်းမြောက်ကျေးရွာအုပ်စုရှိ ဂုံမင်းကျေးရွာနှင့် ပြလင်းမိမ္မပြေးကျေးရွာအုပ်စုရှိ မိမ္မပြေးကျေးရွာတို့ ဆက်သွယ်သော ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှုလုပ်ငန်းများ ယခုမတ်လအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် အရှည် ၂ မိုင်ခွဲ၊ အကျယ် ၁၈ ပေ ၊ အမြင့် ၄ ပေ ရှိပြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၃၃ ဒသမ ၂၅ သန်း အကုန်အကျခံ၍ ရွှေနှင်းပွင့်ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂုံမင်း-မိမ္မပြေးမြေသားလမ်းကို ၂၀၁၄ ခုနှစ်က မိမ္မပြေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြဲအောင်နှင့် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး စတင်ဖောက်လုပ်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင် လိုအပ်သောမြေသားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်ပေးခြင်းကြောင့် မြစ်ဝကျေးရွာအုပ်စု၊ ထိန်ကုလားကုန်းကျေးရွာအုပ်စု၊ ခနွဲကဘိုကျေးရွာအုပ်စု၊ တူးချောင်းကျေးရွာအုပ်စု၊ ပြလင်းကျေးရွာအုပ်စုရှိ ကျေးရွာများ၏ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာမည်သည်။ **ခင်မောင်ဇော်မြင့်**

# မွေးမြူရေးဆိုင်ရာများ အသိပညာပေးဟောပြော

**ဖားကန့် မတ် ၈**

မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မတ် ၃ ရက်တွင် ကျင်းပသည်။

ကျေးရွာနေပြည်သူများ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများတိုးပွားစေရေးအတွက် ဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဆွေဦးက တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများ၏ အဓိကကျသော ဝင်ငွေတိုးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အိမ်ထောင်စုတစ်ခုချင်း၏ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရန်နှင့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများအကြောင်း၊ တိရစ္ဆာန်အာဟာရဗေဒအကြောင်း၊ တိရစ္ဆာန်ကူးစက်ရောဂါများနှင့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း စသည်တို့ကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့်ဒေသခံပြည်သူများက တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေပိုမိုရရှိစေရေးနှင့် မျိုးကောင်းမျိုးသန့်များမွေးမြူနိုင်ရေးစသည့်အချက်များအပါအဝင် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

ခင်ဦးမြို့၌အရန်သားဖွားသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဖွင့်လှစ်သော အရန်သားဖွားသင်တန်း (၂/၂၀၁၅)ဖွင့်ပွဲကို မတ် ၆ ရက်က ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသို့ ကျေးရွာများမှ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကာလမှာ စာတွေ့သုံးလနှင့် လက်တွေ့သုံးလ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# မိုးရာသီသီးနှံ ဘဏ်ချေးငွေများ ပြေကျေစွာပေးဆပ်

**ပန်းတနော် မတ် ၈**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်းရှိတောင်သူများအား ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးခဲ့သော ချေးငွေများကို တောင်သူများက အပြေအကျေ ပေးဆပ်ပြီးဖြစ်ကြောင်း သိရသည်။

ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၆ အုပ်စုရှိ တောင်သူ ၃၈၈၅ ဦးအား မိုးရာသီသီးနှံထုတ်လုပ်မှုအတွက် ငွေကျပ်သိန်း ၉၁၀၀ ကျော်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း၊ ချေးငွေရယူသောတောင်သူများက ဘဏ်ချေးငွေများကို ပြန်လည်ပေးဆပ်ကြရာ မတ် ၃ ရက်တွင် တောင်သူအားလုံးထံမှ အပြေအကျေရရှိပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စပါးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးအတွက် တောင်သူများအား မိုးစပါး၊ နွေစပါး၊ မိုးသီးနှံ၊ ဆောင်းသီးနှံ စသည့်စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ မြို့နယ်အများစုမှ တောင်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

ရှာဖေဒေါ်ဝင်း(LLB)နှင့်သာဆက်သွယ်ပါ



01-304727,01-399426,09-73009994,09-5152521

ကမ္ဘာ့နိုင်ငံများအကြောင်း လေ့လာလိုသူတို့အတွက်
ကြယ်စင်
သိမှတ်ဖွယ်ရာ ကမ္ဘာ့နိုင်ငံများ
မောင်ကျော်ဇော (သံတမန်)
09421016037, 095164594

လမ်းမတန်းနေရာကောင်းရောင်းမည်
သံသုမာလမ်းမကြီးပေါ် သွားတာတွဲသိုလ်တန်း
သံသုမာနှင့်ကျောက်စိမ်းလမ်းထောင့်
(၂၀×၆၀) ပေအကျယ်မြေနှင့်အိမ်
ပိုင်ရှင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေ
ဖုန်း-၀၉-၅၀၃၁၀၆၅၊ ၀၉-၇၃၁၉၂၈၀၃

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/4248 Toyota Hilux LN/165 P/U(4×4)R (Double Cab) ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်အောင် ၁၂/ပဇတ(နိုင်)၀၃၁၇၁၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာ**

ကျွန်တော် ဦးစိန်အောင် ၁၂/မဂတ(နိုင်)၀၂၃၂၃၃၏သား မောင်ပြည့်ဖြိုးအောင် ၁၂/စခန(နိုင်)၀၈၀၇၆၂ သည် ဖခင်ဖြစ်သူ ကျွန်တော်၏ ဆုံးမစကား လမ်းညွှန်မှုများအား လိုက်နာလက်ခံခြင်းအလျှင်းမရှိသောကြောင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဦးစိန်အောင် ၁၂/မဂတ(နိုင်)၀၂၃၂၃၃**

**ပြည်ထောင်စုလွှတ်တော်**
**ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**
**ပညာရှင်အကြံပေးပုဂ္ဂိုလ်အလိုရှိသည်**
**(ပြည်တွင်း၌သာခန့်ထားရန်)**

၁။ စီးပွားရေးပညာကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ပညာရှင် (၁) ဦးအလိုရှိသည်-
(က) အနိမ့်ဆုံးစီးပွားရေးပညာမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)
(ခ) ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။
(ဂ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
(င) အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ နှစ်စဉ်စာချုပ် ချုပ်ဆို၍ငှားရမ်းခန့်ထားမည်။
(စ) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နေပြည်တော်တွင် နေထိုင်ရမည်။
၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာဖော်ပြ၍ jointpac.mmp@gmail.com သို့ ၁၅-၃-၂၀၁၅ရက် နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်။
၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားပါမည်။
၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၉၀၂၈၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။



## စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေး

**သံတောင်ကြီး မတ် ၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကို သံတောင်မြို့ ရှင်မာကုဓမ္မရိပ်သာဆောင်၌ မတ် ၆ ရက်နှင့် ၇ ရက်တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဝင်းက အမှာစကားပြောကြားပြီး လိပ်သိုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နွယ်နွယ်အေးက စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ သံတောင်မြို့နယ်၊ လိပ်သိုမြို့၊ ဘောဂလိမြို့များရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ စာကြည့်တိုက်မှူးများ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမင်းသား**

## ကျေးရွာ ၂၅ ရွာတွင် ဆိုလာဖြင့် မီးလင်းရေးဆောင်ရွက်နိုင်

**သံတောင်ကြီး မတ် ၈**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဓာတ်အားစနစ် မရောက်ရှိနိုင်သော ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃၇ ဒသမ ၀၇ သန်းဖြင့် ကျေးရွာ ၂၅ ရွာမှ အိမ်ခြေ ၁၃၇၁ အိမ်တွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စုရှိ သူဌေးကုန်းကျေးရွာနှင့် ညောင်ပင်စခန်းကျေးရွာများတွင်လည်း ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦးနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ဇောအောင်တို့က မတ် ၅ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ဆိုလာပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းကြရန်မှာကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လမ်းနှင့် တံတားလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သံတောင်ကြီးမြို့နယ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၄၃ ဒသမ ၈၂၆သန်းဖြင့် ကတ္တရာလမ်း ၂ မိုင်၊ မြေသားလမ်း(၂၇/၄)မိုင်၊ တံတား ၁၅ စင်း၊ ရေပြွန် ၁၀ စင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်**

# ငှက်သိုက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်နေ

**ရေး မတ် ၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အစင်စံပြကျေးရွာနှင့် ခမင်းဆိပ်ကျေးရွာများတွင် ဇီဝဖိုးငှက်မွေးမြူရေးလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်နေကြပြီး ငှက်သိုက်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဇီဝဖိုးငှက်များသည် ပင်လယ်ကမ်းခြေ ကမ်းစပ်များရှိ ကျောက်လိုဏ်ဂူများ၊ လယ်ယာကွက်များစသည့် ပတ်ဝန်းကျင်နေရာအနှံ့အပြားတွင် နေထိုင်ကျက်စားလေ့ရှိကြကာ အသိုက်ဆောက်လုပ်ရာတွင် အန်ဖတ်များဖြင့် ဆောက်လုပ်ကြပြီး ဇီဝဖိုးငှက်၏ အန်ဖတ်သည် လူတို့၏ကျန်းမာရေးအတွက် ဆေးဝါးအဖြစ် အလွန်အသုံးဝင်သဖြင့် ဈေးကောင်းရလျက်ရှိသည်။

ဇီဝဖိုးငှက်များမွေးမြူခြင်းကို ဇီဝဖိုးငှက်များ နေထိုင်ကျက်စားသည့် နေရာများတွင် လူမနေသည့် အိမ်အဆောက်အအုံကို ဖန်တီးပေးထားပြီး မွေးမြူရကြောင်း သိရသည်။

"လူမနေတဲ့အိမ်မှာ ငှက်တွေဝင်ထွက်နိုင်ဖို့ အပေါက်တွေထားရှိပေးရပြီး ငှက်တွေ အော်မြည်နေတဲ့ အသံတွေကိုပါ ဖန်တီးပေးထားရတယ်။ အိမ်ခန်းတွေကိုလည်း လေဝင်လေထွက်ရအောင် လုပ်ထားပေးပြီး အလင်းရောင်ကို အနည်းငယ်ပဲ ပေးရတယ်။ အဲဒီလိုဖန်တီးထားတဲ့အခန်းမှာ ငှက်တွေနေထိုင်ပျော်ပါးလာရင် အန်ဖတ်တွေ အန်ချသွားတယ်။ အဲဒီအန်ဖတ်တွေကို နှစ်ဝက်မှာ တစ်ကြိမ်လောက် စုပေါင်းပြီးရောင်းရပါတယ်" ဟု ဇီဝဖိုးငှက်မွေးမြူသည့်လုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်နေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဇီဝဖိုးငှက်သိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၀ သိန်းမှ သိန်း ၂၀ ဝန်းကျင်အထိ ဈေးကောင်းရလျက်ရှိကြောင်း၊ မွေးမြူထားသော ငှက်သိုက်များကို ခြောက်လလျှင် တစ်ကြိမ်ခန့်ရောင်းချရာတွင် ငှက်အဝင်အနည်းအများအပေါ် မူတည်၍ တစ်ပိဿာဝန်းကျင်မှ နှစ်ပိဿာခန့်အထိ ရရှိကြကြောင်း၊ ထိုသို့ငှက်သိုက်ဈေးကောင်းရသဖြင့် အစင်နှင့် ခမင်းဆိပ်ကျေးရွာတွင် ငှက်သိုက်မွေးသူ ငါးဦးခန့်က တွင်ကျယ်စွာ လုပ်ကိုင်နေကြကြောင်း အဆိုပါငှက်သိုက်မွေးမြူသူ လုပ်ငန်းရှင်၏ ပြောကြားချက်အရ သိရသည်။

ရရှိသော ငှက်သိုက်ကုန်ကြမ်းများကို ဈေးကွက်ဝယ်လက်များဖြစ်သော ထားဝယ်၊ မြိတ်မြို့များမှတစ်ဆင့် နယ်စပ်မြို့များအထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။ ငှက်အန်ဖတ်ကုန်ကြမ်းများမှတစ်ဆင့် ငှက်သိုက်ရည်ကို ထုတ်လုပ်ကြပြီး ဈေးကွက်အတွင်းသို့ ငှက်သိုက်အားဆေးအဖြစ်လည်းကောင်း၊ အားဖြည့်အချိုရည်များအဖြစ်လည်းကောင်း ပြန်လည်ရောင်းချကြကြောင်းနှင့် နေရာဒေသမရွေးအလွယ်တကူဝယ်ယူနိုင်ကြပြီး ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည့် ငှက်သိုက်အားဖြည့်အချိုရည်ကို သောက်သုံးသူများပြားလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# တရားမဝင် တမလန်းသစ်ဓားရှေတုံးများ ဖမ်းဆီးရမိ

**စစ်ကိုင်း မတ် ၈**

စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်၌ တရားမဝင် တမလန်းသစ်ဓားရှေတုံးများတင်ဆောင်လာသော ယာဉ်တစ်စီးကို မတ် ၆ ရက်က ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ယာဉ်မှတစ်ဆင့် သစ်ပိုင်ရှင်နှင့် ယာဉ်မောင်းကို ဖမ်းဆီးနိုင်ရေး ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး၊ မြို့နယ်သစ်တောဦးစီးမှူး ဦးညွန့်လှိုင်၊ တောအုပ်ကြီး ဦးအောင်စိုးမြင့်နှင့် တောအုပ်များ၊ သစ်တောဝန်ထမ်းများ၊ စစ်ကိုင်းမြို့ အမှတ်(၂) ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်း-မုံရွာ-ရွှေဘိုသွား ကားလမ်းတစ်လျှောက် တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်စဉ် ဆွမ်းချက်သံလမ်းအနီး မြို့ရှောင်လမ်း၌ တွေ့ရသော စူပါကာစတန် ခဲရောင်ယာဉ်ကို မသင်္ကာသဖြင့် လိုက်လံဖမ်းဆီးခဲ့ကြောင်း၊ ထွက်ပြေးသောယာဉ်မှာ သောတာပန်ရပ်ကွက် ရတနာအောင်စည်ကျောင်းတိုက်အနီးတွင် ယာဉ်ကို ရပ်တန့်ခဲ့ပြီး ယာဉ်မောင်းမှာထွက်ပြေးတိမ်းရှောင်သွားသဖြင့် သောတာပန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အား ခေါ်ဆောင်ပြီး ယာဉ်ကိုစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် တမလန်းဓားရှေတုံးများတွေ့ရှိ၍ ပိုးတန်းရပ်ကွက်ရှိ မြို့နယ်သစ်တောရုံးသို့ မောင်းနှင်ချတိုင်းစစ်ဆေးရာ တရားမဝင် သစ်တမလန်းဓားရှေတုံး ခုနစ်တုံး၊ အလေးချိန် ဒသမ ၉၆၄၆ တန်ရှိကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ် သစ်တောဦးစီးဌာနက ပစ္စည်းနှင့် ယာဉ်ပိုင်ရှင်အား သိရှိနိုင်ရန် အဆိုပါ စူပါကာစတန်ခဲရောင်ယာဉ်၏ ယာဉ်အမှတ်၊ အင်ဂျင်အမှတ်၊ ဘောင်အမှတ်များကို စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်စိစစ်ပြီး ယာဉ်ပိုင်ရှင်မှတစ်ဆင့် ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်အား ဖော်ထုတ်အရေးယူနိုင်ရန်အတွက် ယာဉ်ကို စစ်ကိုင်းမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်၍ အမှုဖွင့်ထားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏
(၅၆)အုပ်မြောက်စာအုပ်
ရာဇဝင်ကိုဖြတ်သန်းခြင်း

TOYOTA RAV 4 ရောင်းမည် | ၂၉၅သိန်း |
2006 အနက်ရောင်၊ 2.4 ဓါတ်ဆီ၊ စတီနံပါတ်၊
GRADE 4B(G)၊ PUSH START၊
CRUISE CONTROL၊ ION၊ CANCELLATION ရှိ၊
MAINTENANCE
095060452

GOLDEN STAR Travels & Tours
Mar-26 / Apr-11,12,13,17
Ph:544383, 209200, 430480, 703448, 705968, 09-5081580



ပြည်တွင်းသတင်း

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး



**မိုင်းဆတ် မတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား တပ်မတော်ဆေးရုံ ခုတင်(၁၀၀)နှင့် မြို့ဦးကျောင်းတိုက် မဖွံ့ဖြိုးမလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို မတ် ၆ ရက်က ဒုတိယအကြိမ်ဆောင်ရွက်ပေးခဲ့သည်။

မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၂၈၈ ဦးအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်ဇော်အေး ဦးဆောင်သော တပ်မတော်အရာရှိကြီးများနှင့် အမှတ်(၁၁) တပ်မတော်ဆေးရုံမှ ပါရဂူဗိုလ်ကြီးလေးဦး၊ သူနာပြုလေးဦး၊ မြို့ဦးကျောင်းတိုက် မဖွံ့ဖြိုးမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဆန်းညွှန့်အောင် ဦးဆောင်သော အသင်းသူ အသင်းသားများက ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သော ဆေးဝါးများလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



# ကလေးသူနာပြုနှင့် သားဖွားသင်တန်းကျောင်း အရှိန်မြှင့်တည်ဆောက်နေ

**ကလေး မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးအတွက် ဆောက်လုပ်ရေးကုမ္ပဏီများက အရှိန်မြှင့်တည်ဆောက်နေကြောင်း သိရသည်။

အဆိုပါ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် ဆေးသိပ္ပံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းကျပ် ၂၉၀၃ သန်းဖြင့် ဆောက်လုပ်ရေးကုမ္ပဏီ ရှစ်ခုက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလဆန်းက စတင်ဆောက်လုပ်နေခြင်းဖြစ်ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးအတွက် နေ့ဆိုင်း၊ ညဆိုင်းများခွဲ၍ ဆောက်လုပ်နေကြကြောင်း သိရသည်။ ကုမ္ပဏီများ၏ တည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အဆောက်အအုံအရည်အသွေးပြည့်ဝရေးအတွက်လည်း တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းပြီးစီးပါက ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျေးလက်ဒေသများ၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ တမူးခရိုင်၊ မော်လိုက်ခရိုင်နှင့် ဖောင်းပြင်မြို့နယ်များမှ သူနာပြုသင်တန်းကျောင်းတက်ရောက်လိုသူများအနေဖြင့် ကလေးမြို့တွင် အလွယ်တကူ ပညာသင်ယူနိုင်မည်ဖြစ်သည်။

**ချင်းတွင်းသား(iprd)**

# မြင်းခြံမြို့နယ်မှ မြန်မာ့ဆေးရွက်ကြီးစိုက်ပျိုးရေးလုပ်ငန်း

သတင်းဆောင်းပါး – ဇော်မင်းနိုင်(မြင်းခြံ)

အညာဒေသ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော တောင်သူလယ်သမားများသည် စပါး၊ ကြက်သွန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို စိုက်ပျိုးကြသည့်အပြင် ဆေးပေါ့လိပ်လုပ်ငန်းတွင် အဓိက အသုံးပြုသော မြန်မာ့ဆေးရွက်ကြီးကိုလည်း စိုက်ပျိုးလုပ်ကိုင်ကြသည်။

မြင်းခြံမြို့နယ်တွင် စိုက်ပျိုးသော မြန်မာဆေးရွက်ကြီးများတွင် မိုးရေကိုသာအားပြု၍ ရေမဝင်သောအရပ်တွင် စိုက်ပျိုးသော မြန်မာဆေးရွက်ကြီးကို ကုန်းဆေးဟုခေါ်ပြီး ရေဝင်ရာအရပ် မြေနုကျွန်းများတွင် စိုက်ပျိုးသော မြန်မာဆေးရွက်ကြီးကို ကျွန်းဆေးဟူ၍ အမျိုးအစားနှစ်ခု ခွဲခြားကာ စိုက်ပျိုးရောင်းဝယ်ကြသည်။

ကုန်းဆေးကို မိုးရာသီအမီ ထွန်ယက်စိုက်ပျိုးကြပြီး ကျွန်းဆေးကို ဧရာဝတီမြစ်ရေကျချိန်တွင် စိုက်ခင်းများကို ထွန်ယက်ကာ တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် စိုက်ပျိုးကြသည်။ ကုန်းဆေးသည် မိုးရေကိုသာအားကိုးစိုက်ပျိုးသောကြောင့် ဆေးရွက်ကြီး၏ အရွက်သည်ထူပြီး အရွက်အရွယ်အစားမှာ သေးငယ်သည်။ ကျွန်းဆေးသည် ရေဝင်ရာအရပ် မြေနုကျွန်းတွင် စိုက်ပျိုးသောကြောင့် ဆေးရွက်၏အရွယ်အစားမှာ ဗန်းငယ်တစ်ချပ်စာခန့် ရှိပါသည်။


ပတ္တာကျေးရွာမှ ဆေးရွက်ကြီးစိုက်တောင်သူတစ်ဦးဖြစ်သော ဦးရှုမောင်က “ကျွန်တော်တို့ ဆေးရွက်ကြီးစိုက်တောင်သူတွေအနေနဲ့ တစ်ဧကကို ဆေးပင်မျိုးဖိုး၊ မြေဩဇာဖိုး၊ ထွန်ယက်ခ၊ ပိုးသတ်ဆေးဖိုး၊ လုပ်အားခ၊ ရေတင်ခ၊ ဆေးထည့်တဲ့ပုတ်ဖိုး စသည်ဖြင့် စုစုပေါင်း





၄၈၆၀၀၀ ခန့်ကုန်ကျပါတယ်။ တစ်ဧကစိုက်ရင် ဆေးရွက်ကြီးပိဿာချိန် ၅၀၀ နှင့် ၈၀၀ အကြား ထွက်ရှိပါတယ်။ ဆေးရွက်ကြီး ဈေးနှုန်းကတော့ ထိပ်စဆိုရင် တစ်ပိဿာကို ၂၂၀၀ ကျပ်ရှိပြီး အောက်စ တစ်ပိဿာကို ၁၅၀၀ လောက်အထိ ရှိပါတယ်။ ထွက်တဲ့ဆေးရွက်ကြီးတွေကို မြင်းခြံမြို့ပေါ်က ဆေးလိပ်ခုံတွေက ဒိုင်ခံဝယ်ယူနေလို့ ရောင်းချရာမှာ လွယ်ကူပါတယ်”ဟု ကျွန်းဆေးစိုက်ခင်းတစ်ဧကအတွက် ကုန်ကျငွေနှင့် ရရှိမည့်ဝင်ငွေ အခြေအနေကို ရှင်းပြသည်။

၎င်းအပြင် မြေငှားလုပ်ကိုင်ပါက မြေတစ်ဧက ငွေကျပ် နှစ်သိန်းပေးရပြီး ကုန်ကျစရိတ်များ နုတ်ပြီးချိန်တွင် တစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းခန့် ရရှိသဖြင့် မြန်မာဆေးရွက်ကြီးကို စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်မြေတွင် စိုက်ပျိုးပါက မြေငှားခမပေးရသဖြင့် ပိုမိုအကျိုးဖြစ်ကြောင်းလည်း ဦးရှုမောင်က ဆက်လက်ပြောပြသည်။

ဆေးရွက်ကြီးများကို မြင်းခြံမြို့မှ ဆေးလိပ်ခုံများက ဝယ်ယူနေပြီး ဆေးရွက်ကြီးဈေးကောင်းသဖြင့် စိုက်ပျိုးသောတောင်သူများ ဝင်ငွေကောင်းမွန်ပြီး စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/4431 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/8770 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂**
**အနောက်ပိုင်းခရိုင်တရားရုံး**
**တရားမကြီးမှုအမှတ်–၅၄၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၇၅**

ဦးခင်မောင်ဝင်း **နှင့်** ၁။ ဦးမင်းနိုင်(ခ)အာမဲ(ရ်)ဟူစိန်
၂။ ဦးကိုကိုဝင်း
၃။ ဒေါ်ထက်ထက်လင်း

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၃၁၊ လမ်း ၄၀ နေ (၁)တရားရှုံး ဦးမင်းနိုင်(ခ)အာမဲ(ရ်)ဟူစိန်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်–၅၄၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးခင်မောင်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၁၈ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် မတ် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

# အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း ရဲတပ်သားသစ် သင်တန်းဆင်းပွဲကျင်းပ

**ရမည်းသင်း မတ် ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၂၀၈/၂၀၁၄) အောင်ဆန်းတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၆ ရက်က ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းစစ်ရေးပြကွင်း (၁) ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲလေ့ကျင့်ရေး အရာရှိချုပ် ရဲမှူးကြီး လှမျိုးရှိန်၊ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး ခင်မောင်သော်၊ ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေ၊ လေ့ကျင့်ရေးကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိအရာခံများ၊ ဌာနဆိုင်ရာ



နှင့် ရပ်မိရပ်ဖများ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ သင်တန်းသားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးကြီး လှမျိုးရှိန်က ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ကြည့်မြင်တိုင်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်

ပြည်တွင်းသတင်း

**ရန်ကုန် မတ် ၈**

မိုးပွင့်အထူးစီမံချက်အရ ကြည့်မြင်တိုင်မြို့နယ်ဈေးကလေး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အသက် ၁၀ နှစ်၊ ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ ကြည့်မြင်တိုင်မြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မာ၊ အနောက်ပိုင်းခရိုင် လဝကမှူး ဦးစိုးလွင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းတို့က ပေးအပ်ခဲ့ကြသည်။

**ဘော်ဂါသွေး**

# အရှိန်မထိန်းနိုင်သောဆိုင်ကယ် လမ်းဘေးသစ်ပင်ကို ဝင်ရောက်တိုက်မိ၍ သေဆုံးဒဏ်ရာရ

**နေပြည်တော် မတ် ၈**

မတ် ၄ ရက်နံနက် ၁၁ နာရီက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကွေး - တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် ၃၀၇/၁-၂ ကြားတွင်ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ မိကျောင်းရဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ သစ်ရာကောက်ကျေးရွာဘက်မှ မကွေးမြို့ဘက်သို့ မကွေးမြို့နယ် ကန်တော်ကျေးရွာနေ ဦးခင်ဇော်( ၄၅ နှစ်) မောင်းနှင်ပြီး သားဖြစ်သူ မောင်ကျော်ဇောထက်( ၁၅ နှစ်)လိုက်ပါလာသော RATO -125 အစိမ်းရောင်ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းရှိ မဲဇလီပင်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိမှုကြောင့် ဦးခင်ဇော်တွင်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး မောင်ကျော်ဇောထက်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဦးခင်ဇော်အား မိကျောင်းရဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ကျေးဇူးတင်လွှာ

ဟဲပဲ့ဖိုး၊ ဘော်ဆိုင်း၊ အောင်ပန်း၊ ကလော၊ ပင်းတယမြို့များနှင့် မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသော ကျေးရွာများတွင် ခေတ်မီရေတွင်းစက်ကြီး (၅)စီးဖြင့် နေ့/ညမနား အားသွန်ခွန်စိုက် ရေအလုံအလောက်ရရှိအောင် တူးဖော်ပေးခြင်း၊ ရေကို အလွယ်တကူ သုံးစွဲနိုင်အောင် ရေကန်များ တည်ဆောက်ပေးခြင်း၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ တရားစခန်းများနှင့် စာသင်ကျောင်းများအရောက် သန့်ရှင်းသောသောက်သုံးရေကို အဆင်ပြေလုံလောက်အောင် ဆောင်ရွက်ပေးခြင်းတို့အတွက် **ထချွာစေတောထော်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ နှင့်ဇနီး ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးမိသားစု**တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးထွေးကိုကို
ဥက္ကဋ္ဌ
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ဒေသခံပြည်သူများ၊
ကျေးလက်နေပြည်သူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

## ကျေးဇူးတင်လွှာ

သောက်သုံးရေ အမှန်တကယ်လိုအပ်လျက်ရှိသော ဟိုပုံးမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့တွင် သောက်သုံးရေများရရှိအောင် တူးဖော်စီစဉ်ဆောင်ရွက် လှူဒါန်းပေးခဲ့သော **ထချွာစေတောထော်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ နှင့်ဝန်ထမ်းများအား၊** လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း၊ မှတ်တမ်းတင်အပ်ပါသည်။

ဦးခွန်စံလွင်
ဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့်ဒေသခံရွာသူ/ရွာသားများ
ဟိုပုံးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

အမှတ်(၁/၃/၅)ရပ်ကွက်နေ ဒေသခံပြည်သူများ
နမ့်စန်မြို့
ရှမ်းပြည်နယ်(တောင်ပိုင်း)။

## ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ သောက်သုံးရေရှားပါးသော တောင်ရိုးလူမျိုးများ၏ ကျေးရွာများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိစေရန် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် စက်ရေတွင်းများ၊ ရေလှောင်ကန်များ တူးဖော်ဆောက်လုပ်လှူဒါန်းပေးပါသော **ထချွာစေတောထော်လီမိတက်မိသားစု** အား ကျေးလက်နေဒေသခံ ပြည်သူများက အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျေးလက်နေ ဒေသခံတောင်ရိုးလူမျိုးများ
ရှမ်းပြည်နယ်(တောင်ပိုင်း)။

ကြော်ငြာ

## "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာပေးအပ်ချီးမြှင့်သော 'သုဓမ္မသီရိ' ဘွဲ့ကို - ကိုမျိုး+မသန္တာ (Myo Naing - Nine Int'l Trading Co., Ltd / Naing - Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေး) တို့၏ 'မိခင်ကြီး ဒေါ်ညွန့်ညွန့်' (နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ နာယက) အား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ ဘာသာသာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကိုကိုအောင် + ဒေါ်နီလာထွန်း

**(Five Speed Company Limited)**

## "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာပေးအပ်ချီးမြှင့်သော 'သုဓမ္မသီရိ' ဘွဲ့ကို - ကိုမျိုး+မသန္တာ (Myo Naing - Nine Int'l Trading Co., Ltd / Naing - Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေး) တို့၏ 'မိခင်ကြီး ဒေါ်ညွန့်ညွန့်' (နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ နာယက) အား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ ဘာသာသာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအောင်ဇော်မြင့်နှင့် ဇနီး

**Bagan Business Trading Co.,Ltd**

## "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာပေးအပ်ချီးမြှင့်သော 'သုဓမ္မသီရိ' ဘွဲ့ကို - ကိုမျိုး+မသန္တာ (Myo Naing - Nine Int'l Trading Co., Ltd / Naing - Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေး) တို့၏ 'မိခင်ကြီး ဒေါ်ညွန့်ညွန့်' (နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ နာယက) အား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ ဘာသာသာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုအောင်သူရ + မသန္တာထွန်း

**(Summit Forewarding Agency)**

## "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာပေးအပ်ချီးမြှင့်သော 'သုဓမ္မသီရိ' ဘွဲ့ကို - ကိုမျိုး+မသန္တာ (Myo Naing - Nine Int'l Trading Co., Ltd / Naing - Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေး) တို့၏ 'မိခင်ကြီး ဒေါ်ညွန့်ညွန့်' (နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ နာယက) အား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ ဘာသာသာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Crown (သံချောင်းစက်ရုံ) မြောင်းတကာ**

## ကြော်ငြာ


### ရွှေပြည်ဟိန်းမိုးကောင်းကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

[illegible]

### သီတဂူရွှေပြည်ဟိန်းစကျူဒါနဆောင် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

[illegible]

[illegible] (AccountNo.00730200701690301) [illegible]



### Master of Public Administration Network

(၅)ကြိမ်မြောက် နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

[illegible] MPA နှင့် EMPA [illegible] Royal Garden Restaurant [illegible]

| | |
|---|---|
| EMPA - 1 [illegible] (09-5148942) | EMPA - 7 [illegible] |
| EMPA - 2 [illegible] (09-5102780) | EMPA - 8 [illegible] |
| EMPA - 3 [illegible] (09-5184004) | EMPA - 9 [illegible] (09-5127071) |
| EMPA - 4 [illegible] (09-5166657) | EMPA - 10 [illegible] (09-45176272) |
| EMPA - 5 [illegible] (09-73077737) | EMPA - 11 [illegible] (09-73094964) |
| EMPA - 6 [illegible] (09-5502677) | All Day MPA [illegible] |

Organized By Main Sponsor Co-sponsors



### မိုးကုတ်ဝိပဿနာ (၁၀) ရက်စခန်း အထူးတရားပွဲ ရန်ကုန်မြို့

[illegible]



### "ထိမ်းမြားမင်္ဂလာဧကျေးဇူးတင်လွှာ"

ရန်ကုန်မြို့ [illegible]

ဒေါက်တာအောင်ဇော်မြိုး

(M.B.B.S(D.S.M.A),M.Med.Sc(Anaesthesiology))

နှင့်

ရန်ကုန်မြို့ [illegible]

ဦး[illegible] (Managing Director of Golden Eagle International Co.Ltd.,)+

ဒေါ်[illegible]

မနေခြည်ချစ်

(L.L.B), Dip.Fashion Design

(Raffles Design Institutes,Bangkok)[illegible]

[illegible] (Sedona Hotel, Yankin Hall) [illegible] Sule Shangri-la Hotel(Myanmar Ballroom) [illegible] Park Royal Hotel (Yadana Ballroom) [illegible] Win & San (Diamond & Fine Jewellery) [illegible] The Four [illegible] (Focus Daily) / Forever [illegible] (Focus Daily) [illegible] Silk & Style [illegible] (Forever) [illegible] Eternal Flowers (Floral Service & Gift Shop) [illegible] Moe & Honey Handmade Village နှင့် Dagon Priting [illegible] Sedona Hotel၊ Sule Shangri-la Hotel နှင့် Park Royal Hotel [illegible]

နှစ်ဖက်သောမိဘများနှင့်

ဒေါက်တာအောင်ဇော်မြိုး + မနေခြည်ချစ်


### ဂုဏ်ယူဝမ်းမြောက်ခြင်း

### ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းတော်ကြီးအတွက် ဂုဏ်ဆောင်ပေးခဲ့ကြသော

| | | |
|---|---|---|
| ၁။ | မရွှေအိမ်လင်းဦး | တက္ကသိုလ်ဝင်တန်း - လူရည်ချွန် |
| ၂။ | မောင်သီဟကျော်စွာ | နဝမတန်း - နှစ်ထပ်ကွမ်းလူရည်ချွန် |
| ၃။ | မအင်ကြင်းမွေး | နဝမတန်း - လူရည်ချွန် |
| ၄။ | မသဇင်မေ | အဋ္ဌမတန်း - လူရည်ချွန် |
| ၅။ | မချို့ငယ်ဦး | နဝမတန်း - သချ်ာအိုလံပစ် (တိုင်းအဆင့်) |
| ၆။ | မောင်လွင်ပြိမ်းအောင် | အဋ္ဌမတန်း - သချ်ာအိုလံပစ် (တိုင်းအဆင့်) |
| ၇။ | မဇင်လင်းထက် | ပဥ္စမတန်း - မြန်မာတစ်နိုင်ငံလုံး သချ်ာထူးချွန် (ဒုတိယ) |

တို့ကို အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း။

**ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးနှင့် ဆရာမများ**

**အထက (၃) ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး**

**ကျောင်းအကျိုးဆောင်အဖွဲ့နှင့် မိဘဆရာအသင်း မိဘများ**

### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၉**

ကွယ်လွန်သူ ဦးကြီးရွှေ၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း

ဒေါ်နှင်းအေး **လျှောက်ထားသူ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၁၇ နေ ဒေါ်နှင်းအေးက ကွယ်လွန်သူ ဦးကြီးရွှေ၏သမီးဖြစ်သည်ဟူ၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၁၇နေ ၎င်းကွယ်လွန်သူ ဦးကြီးရွှေမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကြီးရွှေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် မတ် ၃၀ ရက် (၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့တွင် လျှောက်သူ ဒေါ်နှင်းအေး၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် မတ် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးကိုကို)

ဒုတိယခရိုင်တရားသူကြီး(၁)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

### မိဘအမည်မှန်

ကျိုင်းတုံမြို့၊ အလက (ယန်းလော)၊ ပဥ္စမတန်းမှ စိုင်းလွယ်ခမ်း၏ မိဘအမည်မှန်မှာ ဦးလှမောင် ၁၃/ကတန(နိုင်)၁၅၁၁၅၈ နှင့် နန်းခမ်းဟွမ် ၁၃/ကတန (နိုင်)၁၅၁၁၉၉ ဖြစ်ပါကြောင်း။

ဦးလှမောင်-နန်းခမ်းဟွမ်


SHINE AC.DC

[illegible]


### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၀၀၈၄၅ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ယုကျော် ၉/တတဥ (နိုင်)၀၇၅၆၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

ကြော်ငြာ


# ပညာနန်းတော် နွေနွေကျောင်းကြီး

နွေ ၃-လ အထူး မတ် ၉ - ရက်ဖွင့်မည်။

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

# ပညာနန်းတော်

အ.ထ.က

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

# ပညာနန်းတော် နွေနွေကျောင်းကြီး

| အတန်း | ကျောင်းချိန် | ကျောင်းလခ | |
|---|---|---|---|
| သူငယ်တန်း | [illegible] | [illegible] ကျပ် | [illegible] |
| ၁-တန်း | ။ | [illegible] ကျပ် | ။ |
| ၂-တန်း | ။ | [illegible] ကျပ် | ။ |
| ၃-တန်း | ။ | [illegible] ကျပ် | ။ |
| ၄-တန်း | ။ | [illegible] ကျပ် | ။ |
| ၅-တန်း | ။ | [illegible] ကျပ် | ။ |
| ၆-တန်း | ။ | [illegible] ကျပ် | ။ |
| ၇-တန်း | ။ | [illegible] ကျပ် | ။ |
| ၈-တန်း | ။ | [illegible] ကျပ် | ။ |
| ၉-တန်း | ။ | [illegible] ကျပ် | ။ |
| ၁၀-တန်း | ။ | [illegible] ကျပ် | ။ |

နွေနွေကျောင်းကို မတ် ၉ - ရက်ဖွင့်မည်။

ပုံမှန်နေ့ကျောင်းကြီးကို ဇွန် ၁ - ရက်တွင် ဖွင့်မည်။

01-577605 ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည် ... 09 73036827, 09 47074649

JAPAN
10 Days 9 Nights
8 NIGHTS IN JAPAN · APRIL 9 · 4★ HOTELS
FIRST CHOICE travel and tour
Early Bird Discount ☑
Group Discount ☑
USD 3333
Tokyo • Kamakura • Mt. Fuji • Kyoto • Nara • Osaka
HOTLINE - 09 421069966

MOE THAUK PAN ACADEMIC CENTRE
SUMMER SCHOOL
- English 4 Skills
- Music
- Art
- Computer
- Trip

*Duration - 16th March to 23th May*
*Time - 9:00 am to 3:00 pm (Monday to Friday)*
Tel - 01-571545, 09-43122853






Executive Golden Land ...

၁. အရောင်းကျွမ်းကျင်ဝန်ထမ်း - မ ( ၅၀ ) ဦး
၂. လုံခြုံရေးဝန်ထမ်း - ကျား ( ၁၀ ) ဦး
၃. သန့်ရှင်းရေးဝန်ထမ်း - ကျား/မ ( ၁၀ ) ဦး
၄. ယာဉ်မောင်း - ကျား ( ၁၀ ) ဦး


# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁၀**

| | | |
|---|---|---|
| ဒေါ်တင်တင်မြ | **နှင့်** | ဒေါ်ခင်မြတ်မြတ်သွေး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်၊ ပြည်လမ်း၊ အမှတ် ၁၅၄/ဘီနေ ဒေါ်ခင်မြတ်မြတ်သွေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၂၅ရက် (၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၆ ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**မိဘအမည်မှန်**

ပြင်ဦးလွင်မြို့၊ အထက (၂)၊ အဋ္ဌမတန်း (E)မှ မောင်အောင်အောင်ဦး၏ မိဘအမည်မှန်မှာ (ဦးတင်မိုးကျော်ဦး)-ဒေါ်မြင့်မြင့်အေး ဖြစ်ပါသည်။
**(ဦးတင်မိုးကျော်ဦး)-ဒေါ်မြင့်မြင့်အေး**


## တိုက်နှင့်မြေ (အမြန်ရောင်းမည်)

မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊ (၃၅ ပေ×ပေ ၆၀)၊ 3 RC, Kwekabaw Hospital မျက်စောင်းထိုး၊ ရောင်းဈေး-၂၈၀၀ သိန်း။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၀၃၀၇၀၄၊ ၀၉-၂၆၀၉၀၆၈၆၈**

**(ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်-ပွဲစား၊ အကျိုးဆောင်မလို)**

ကိုယ်တွင်းရောဂါများ၊ အဖုအကျိတ်များ၊ အကြောအဆစ်ရောဂါများအတွက် လိမ်းနိုင်/သောက်နိုင်သည့် ဒေါ်ဝါဝါ (ခရိုင်တိုင်းရင်းဆေးမှူး)၊ မြိတ်ခရိုင်မှ ကိုယ်တိုင်ထုတ်လုပ်သည့် မြိတ်ဒေသထွက်၊ ၁၀၀% သန့်ရှင်းစစ်မှန်သည့်

## ကမ်းဇော်ဆီ စစ်စစ်ရပြီ

လက်လီ/လက်ကား ရရှိနိုင်ပါသည်။

**ဆက်သွယ်ရန်**

အမှတ် (၈)၊ ပန်းဝတ်ရည်လမ်း၊ ကန်ခေါင်းရပ်၊ မြိတ်မြို့၊

ဖုန်း-၀၉-၈၇၆၀၂၄၀၊ ၀၉-၄၂၂၁၉၃၇၃၆

ဂန္ဓာရုံဆေးတိုက်- အမှတ် (၂၄)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၅၁၄၉

JES Driver Academy

09420165439, 09421033567, 09421037413

## ဝန်ထမ်းအမြန်အလိုရှိသည်

Yangon Engineering Group Co., Ltd. အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

1. BQ ကျွမ်းကျင်စွာတွက်ချက်နိုင်သူ ကျား/မ (၂)ဦး
   - B.E, B.Tech (or) AGTI (Civil)
2. Auto CAD 2D/3D ကျွမ်းကျင် ကျား/မ (၂)ဦး
   - Any Graduate
3. Site Engineer ကျား (၂)ဦး
   - B.E (Civil)

ဆက်သွယ်ရန်-

## ကြော်ငြာ

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးထွန်းအောင်သွင်** (မင်းကင်း)

**ဒု/ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုစီမံကိန်းဦးစီးဌာန**

**အသက်(၈၂)နှစ်**

ဒေါက်တာမီမီသက်သွင်(ပါမောက္ခချုပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒေါက်တာမီမီစုသွင်(တွဲဖက်ပါမောက္ခ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန)တို့၏ချစ်လှစွာသောဖခင်ကြီး ဦးထွန်းအောင်သွင်(မင်းကင်း)သည် ၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**

**မန္တလေးကွန်ပျူတာတက္ကသိုလ်မိသားစုများ**

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်/ငုံး မွေးမြူရေးခြံများတွင် (၁၀-၂-၁၅) ရက်မှစ၍ ကြက်/ငုံးများ စတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ရာ H5N1 ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီးနောက် ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် ဦးစီးဌာနမှ ရောဂါဖြစ်ပွားနေသည့် ကြက်များအား သုတ်သင်ခြင်း၊ ဇီဝလုံခြုံရေးအား ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်း၊ ပညာပေးရေးဟောပြောပွဲများပြုလုပ်ခြင်းများအား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ထိုသို့သောဖြစ်ပွားမှုမျိုးအား အခြားသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ကြက်ငှက်များတွင်သာမက လူသို့ကူးစက်မှုမရှိစေရန်အတွက် အောက်ပါအချက်အလက်များအား လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(က) ဆောင်းခိုငှက်များနှင့်အိမ်မွေး ကြက်၊ ငှက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့်ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင် ဈေးကွက်များတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်ငှက်အသား၊ ဥစသည်တို့ကို သေချာစွာ ချက်ပြုတ်ပြီး မှစားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**

**ကြီးကြပ်မှုကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ရှုအင်** (မြိတ်)

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးတောင်ပိုင်း၊ ၉၃ လမ်း၊ အမှတ် ၆၀နေ ဦးရာဘ-ဒေါ်ထွားတို့၏သမီး၊ (ဦးကျောက်ဝါး)၏ဇနီး၊ (ဦးအောင်ကျော်-ဒေါ်စန်းစန်းဝေ)၊ ဦးဝင်းတင်-ဒေါ်ခင်ခင်အေး၊ ဦးဟိန်ကြင်-(ဒေါ်သန်းသန်းမြင့်)၊ ဒေါက်တာထွန်းထွန်းလင်း-ဒေါ်သန်းသန်းနုတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၈-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်စန်းရီ**

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်စိမ်းပတ်လမ်း၊ အမှတ် ၆၉နေ (ဦးသိန်းငွေ-ဒေါ်သန်းကြွယ်)တို့၏သမီး၊ (ဦးချစ်ဖေ-ဒေါ်စိန်မြင့်)တို့၏သမီးချွေးမ၊ [(ဦးမျိုးသန့်)မောင်ဆုရှင်]၏ချစ်လှစွာသောဇနီး၊ ဦးဝင်းသန့်-ဒေါ်စိုးစိုးဝင်း၊ ဦးစိုးသန့်(ဒု-ခရိုင်တရားသူကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး)-ဒေါ်ခင်နိုင်မြင့်၊ (ဦးဇင်မောင်သန့်)-ဒေါ်တင်ဇာကျော်(Head of IT Department Asia Beverages Co.,Ltd.)၊ ဦးချစ်ဖွယ်သန့်(သုနန္ဒာစာပေတိုက်)-ဒေါ်ယဉ်ယဉ်မြင့်(Chindwin College)၊ (ဦးသိန်းဝင်း)-ဒေါ်လှယဉ်သန့်တို့၏မိခင်၊မြေးငါးယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၇-၃-၂၀၁၅ရက်(စနေနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်စန်းရီ**

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်စိမ်းပတ်လမ်း၊ အမှတ် ၆၉နေ (ဦးသိန်းငွေ-ဒေါ်သန်းကြွယ်)တို့၏သမီး၊ [(ဦးမျိုးသန့်) မောင်ဆုရှင်]၏ချစ်လှစွာသောဇနီး၊ ဦးခင်မြင့်(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း)-ဒေါ်စန်းမြင့်၊ ဦးလှသန်း-ဒေါ်အေးမြင့်၊ ဦးမြဟန်-ဒေါ်တင်မာဝေ၊ ဦးစိုးလွင်(ဒု-ပါမောက္ခချုပ်၊ ငြိမ်း)-ဒေါ်အေးကြည်(ပါမောက္ခ၊ ငြိမ်း၊ ရက္ခဗေဒဌာန)၊ ဒေါ်တင်ရီ(ပြန်ကြားရေးဌာန၊ ငြိမ်း)တို့၏အစ်မသည် ၇-၃-၂၀၁၅ရက်(စနေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးငွေ**

**(မှော်ဘီ၊ တပ်ကြီးကုန်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်း(၁၄)ရပ်ကွက်၊ အမှတ်(၁)မဟာဗောဓိလမ်း၊ ကျောက်ကုန်းနေ (ဗိုလ်မှူးလှ)၏ဇနီး၊ ဦးကျော်ကြီး-ဒေါ်သိန်းတင်တို့၏ညီမ၊ ဒေါက်တာမြင့်မောင်သိန်း-ဒေါ်ဝင်းချိုလှ၊ ဒေါ်ဝင်းရီလှ(ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင်၊ ဦးစိုးမောင်ထက်၊ (ဦးဝင့်မောင်ထက်)၊ မပိုပိုချစ်တို့၏အဘွားသည် ၈-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ကျေးဇူးအထူးတင်ရှိခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်တင်နွဲ့** (မြစ်ကြီးနား)

**အသက်(၇၅)နှစ်**

၂-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ချစ်သောမေမေ ဒေါ်တင်တင်နွဲ့၏နာရေးကို လူကိုယ်တိုင်လာရောက်ကြသူများ၊ ကူညီဆောင်ရွက်ပေးကြသူများကိုလည်းကောင်း၊ နေအိမ်/နာရေးသို့လာရောက်နှစ်သိမ့်အားပေးကြသော သစ်တောရေးရာဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ မိတ်သင်္ဂဟများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ ဆရာမများ၊ သင်္ကန်းပရိက္ခရာများ၊ လှူဖွယ်ဝတ္ထုများ၊ အစားအသောက်များ လာရောက်လှူဒါန်းကြသူများအားလည်းကောင်း၊ လူကိုယ်တိုင်မလာနိုင်သော်လည်း တယ်လီဖုန်း၊ အီးမေးလ်၊ Facebook တို့နှင့် ဝမ်းနည်းကြောင်းပြောကြားသူများအားလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးအား လှူဒါန်းကူညီလုပ်ကိုင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း တစ်သက်တာအတွက် မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဦးညွန့်တင်**

**(မန်နေဂျာ၊ စက်မှု-၁၊ ငြိမ်း)**

**အသက်(၇၀)**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ အလယ်ကုန်းကျေးရွာနေ(ဦးလွန်း-ဒေါ်လှမယ်)တို့၏သားထွေး၊ ပျဉ်းမနားမြို့၊ မကျီးတောရပ်ကွက်နေ (ဦးထွန်းကြိုင်-ဒေါ်သောင်း)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ် ၉၆၈နေ ဒေါ်ခင်မြင့်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးခင်ဇော်ဦး(လွှယ်ဟိန်းကုမ္ပဏီ)၊ ဦးဇော်မင်းအောင်-ဒေါက်တာဒေါ်သီတာညွန့်(ကထိက၊ ပခုက္ကူတက္ကသိုလ်)၊ ကိုရာဇာညွန့်၊ ကိုဇေယျာညွန့်၊ [ကိုနန္ဒာညွန့်(ခ)ကိုထွေး]-ဒေါ်သီတာအေးတို့၏ဖခင်သည် ၇-၃-၂၀၁၅ရက် (စနေနေ့)နံနက် ၁၀း၀၅နာရီတွင်ကွယ်လွန်သွားပါ၍ ၉-၃-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

မောင်မင်းနိုင်သူ၊ မောင်ဇင်မင်းနိုင်၊ မစုမြတ်သီဂီဖူးပွင့်ဝေတို့၏ ဖခင်၊ မင်းတုန်းမြို့နယ်၊ မြို့နယ်တရားသူကြီး ဒေါ်ရွှေသင်၏ခင်ပွန်း၊ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ဦးစီးအရာရှိ ဦးအောင်မင်းချွန်(ဥ/၂၄၅၀)၊ ဇေယျ-၁၅၃၊ အသက်(၅၃)နှစ်သည် ၆-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥပဒေအရာရှိ အပတ်စဉ်-၁/၂၀၀၀ မှ သူငယ်ချင်းများ**

**ရဟန်းဒါယကာကြီး**

**လင်မ်ချွန်ဟွန်း(ခ)**

**ဦးချမ်းမြ**

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၉၆၊ ဘုန်းကြီးလမ်းနေ (ဦးလင်စီတော-ဒေါ်အေးရှင်)တို့၏သား၊ (ဒေါ်ရှုကြည်)၏ခင်ပွန်း၊ (ဦးအောင်ကြည်-ဒေါ်သိန်းသိန်း)၊ (ဦးတင်ဦး)-ဒေါ်သန်းသန်း၊ ဦးတင်အောင်-ဒေါ်ခင်ရီ၊ဦးမြတ်ကျော်-ဒေါ်နီလာမြမောင်၊ (ဦးတင်လင်း)-ဒေါ်ဖြူဖြူဝင်း၊ (ဦးချိုကြီး)၊ ဒေါက်တာတင်ထွေး - ဒေါ်မြဝင်း၊ ဦးသန့်ဇင် - ဒေါ်မြတ်မြတ်ငြိမ်းတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ် ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၉၆၊ ဘုန်းကြီးလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဒေါ်လှလှ**

**(ဟင်္သာတခြောက်ရွာ)**

**အသက်(၈၄)နှစ်**

ဟင်္သာတမြို့နေ (ဦးမောင်ရိန်-ဒေါ်စောတင်)တို့၏တတိယသမီး၊ (ဦးပန်းလှိုင်-ဒေါ်ဖွားစိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ် ၅၇နေ ဦးညွန့်မောင်(ဒုထွေဂျာ၊ ငြိမ်း၊ စိုက်/ဘဏ်၊ အကြီးတန်း ဒု-ထွေဂျာ၊ ငြိမ်း၊ ယခင် အာရှခနဘဏ်)၏ ဇနီး၊ ဦးအောင်ဇေယျ (နယူးအေးရှား Shipping Co., Ltd.)-ဒေါ်နိုင်နိုင်ဦး (လ/ထ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး)၊ (ကိုအောင်ကျော်ခိုင်၊ 3rd MB) တို့၏မိခင်၊ မောင်ထက်နိုင်အောင် (တက္ကသိုလ်ဝင်တန်း၊ အောင်အကယ်ဒမီ)၊ မယဉ်မင်းသူ (ဆဋ္ဌမတန်း၊ အလက-၁၊ ဒဂုံ)တို့၏ အဘွားသည် ၈-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်စောလှ(ခ)**

**လင်ရှုတ်အိန်**

**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၄၆၊ (မြေညီ-ယာ)၊ ၇လမ်းနေ ဦးစိန်မင်း(ခ)ကေလျှောင်စိန်]၏ ချစ်လှစွာသော ဇနီး၊ ဒေါ်မြရှင်၊ ဦးမောင်မောင်ရွှေ-ဒေါ်ရီရီဝင်း၊ ဦးချိုအေး-ဒေါ်ရွှေချူ၊ ဦးမောင်မောင်အေး - ဒေါ်လှလှဌေး၊ ဦးသန်းအေး - ဒေါ်သင်းမာလာအောင်၊ ဦးကျော်မိုး - ဒေါ်သက်သက်ခိုင်တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၇-၃-၂၀၁၅ရက်(စနေနေ့)ညနေ ၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

**ဒေါ်ခင်မွှေး** (မအူပင်)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၆၅(ရှစ်လွှာ)၊ သမာဒိဋ္ဌိလမ်း၊တာမွေမြို့နယ်နေ ဦးဒါဘ-ဒေါ်လှရွှေတို့၏သမီး၊ ဦးမြင့်အေး၏ညီမ၊ ဦးအေးသွင် - ဒေါ်ခင်ထွေး၊ ဦးခင်မောင်စိုး - ဒေါ်ခင်လေးမြင့် (တွဲဖက်ပါမောက္ခ၊မြန်မာစာဌာန၊ငြိမ်း)၊ ဦးဇော်မင်းထွန်း - ဒေါ်တိုးတိုးအေးတို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏ အဒေါ်သည် ၇-၃-၂၀၁၅ရက် ည ၁၁း၃၃နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၅ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဦးစိုးလှိုင်** အသက်(၈၄)နှစ်

**စစ်တက္ကသိုလ်အပတ်စဉ်(၁)မေမြို့**

**ဟိုတယ်/ခရီး(ငြိမ်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ သရက်တော(မြောက်)၊ ၄၃၁၊ ကမ်းနားလမ်းနေ ဦးထွန်းပွင့်-ဒေါ်မြမေတို့၏သား၊ (ဦးသိန်းအောင်-ဒေါ်ခင်ကြည်)၊ (ဦးတင်အောင်-ဒေါ်ခင်အုန်းမြင့်)၊ ဦးခင်မောင်ဆွေ-ဒေါ်ခင်ခင်ဝင်းတို့၏ညီ/မောင်၊ ဦးသိန်းဖေ-ဒေါ်ခင်ဝင်း၊ ဒေါက်တာဦးလှဌေး-ဒေါက်တာဒေါ်ခင်သိန်းစိန်တို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လုံးသွယ်လမ်း၊အမှတ် ၁၁၇နေ ဒေါ်သန်းရီ၏ခင်ပွန်း၊ ကိုဝင်းကြိုင်-မခင်မြတ်သူ၊ ကိုဝင်းလှိုင်-မဥမ္မာကြည်ဦးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၇-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၅း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဦးသန်းငြိမ်း** (မော်လမြိုင်)

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၁၉နေ [ဦးဘရင်၊ တနင်္သာရီတိုင်း စိုက်ပျိုးဝန်(ငြိမ်း)-ဒေါ်မမလေး]တို့၏သား၊ (ဦးသော်ဇင်၊ ခရိုင်အင်ဂျင်နီယာ၊ ငြိမ်း-ဒေါ်ကြူကြူ)တို့၏သားသမက်၊ ဒေါ်လှလှဇင်(Patsy)၏ခင်ပွန်း၊ ဦးသန်းဝင်း(Chief Engineer, SWIRE PA-CIFIC OFF Shore)-ဒေါ်နုနုလွင်၊ ဒေါ်မြမဠူ၊ မနွယ်နွယ်ဝင်း (အင်ကြင်းရွှေစင် ရတနာရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ဖခင်၊ မောင်မြတ်ထက်ကျော်(Secondary 4, NUS Highschool-Singapore)၏အဘိုး၊ ဒေါ်ရင်ရင်မြင့်၊ ဒေါ်သန်းညွန့်(တိုင်းမန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်ရေး)တို့၏မောင်၊ ဒေါ်ခင်မြဝင်း(မန်နေဂျာ၊ငြိမ်း၊ ကုန်သွယ်ရေး)၏အစ်ကိုသည် ၅-၃-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၃း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၆-၃-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဒေါ်မြသန်းနွယ်**

**ဂါးဒီးယန်းသတင်းစာတိုက်၊ အငယ်တန်းလက်နှိပ်စက်စာရေး(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်းမကြီး၊ အမှတ် မ/၆၄၄နေ (ဦးစောအောင်စိန်-ဒေါ်စတယ်လ်လာချမ်း) ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့၊ ဓမ္မာနွေလနှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ ဆရာဦးစောထွန်းအောင်-(နော်မူစေး)၊ (ဒေါ်မေသန်းနွယ်)၊ ဦးထွန်းရီ-ဒေါ်ကြည်လှိုင်တို့၏အစ်မ၊ (ဦးကျော်ဇေယျ)-ဒေါ်ဆွေဆွေဝင်း၊ (မခိုင်မြင့်သွယ်)၊ ဦးမျိုးသန့်ကျော်-(နော်ဆေးဆေးဝါး)၊ ဦးရှိန်ဝင့်အောင်-ဒေါ်မိုင်သိန်းထိုက်ကေသီခင်တို့၏မိခင်၊ ဦးစိုးမြင့်၏ချစ်လှစွာသောဇနီးသည် ၆-၃-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၆း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၃-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ နှစ်ခြင်းခရစ်ယာန်သုသာန်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါက်တာနီလာစိုး**(ဆမ-၇၉၁၅) **အသက်(၆၀)**

**M.B.,B.S (Mdy), Dip. Med.Sc (HA)**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၁၇၁နေ (ဦးခန့်-ဒေါ်ရှင်ရှင်)တို့၏သမီးငယ်၊ ဒေါက်တာထွန်းအောင်သန်း-ဗိုလ်ကြီးဒေါ်ချစ်ချစ်(N 251-ငြိမ်း) (UK)၊ ဗိုလ်ကြီးခင်မောင်ညို(ငြိမ်း)-ဒေါ်စန်းစန်းအေး(Canada)၊ ဒုရဲမှူးဦးခင်မောင်ဝင်း(ငြိမ်း)-ဒေါ်ခင်မာမာ(သ/မ၊ ငြိမ်း)၊ ဦးစောမောင်အေး-ဒေါ်မြမြဝင်း(အထပြ၊ ငြိမ်း)၊ ဗိုလ်ကြီးခင်မောင်စိုး (တပ်မတော်-ရေ၊ ငြိမ်း၊ Chief Officer-Maersk Line)-ဒေါ်နွယ်နွယ်အေးတို့၏ညီမငယ်၊ မစုစုအောင်၊ မောင်သူရညို(ခေတ္တ-ကနေဒါ)၊ မနှင်းမြတ်ညို (ခေတ္တ-America)၊ (မောင်အောင်မွန်ညို)၊ ဗိုလ်မှူးပြည့်ဖြိုးကျော် (တပ်မတော်-ရေ)-မလွင်ဇာမျိုး(မျက်စိဆေးရုံ၊ ရန်ကုန်)၊ မဇင်မာဝင်းဆွေ (ခေတ္တ-Singapore)၊ (ဗိုလ်ကြီးစည်သူဝင်း)-မသဲဆုလေး၊ မောင်ရဲလင်းအောင်(လ/ထ၊ ညွှန်ကြားရေးမှူး၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၊ ပြည်ထဲရေး၊ မင်္ဂလာဒုံ)၊ မခိုင်သဇင်မြမြထွေး၊ မစုလင်းကို(Marcon Manager MIT)၊ မောင်ထက်အောင်စိုး(ခေတ္တ-Singapore)တို့၏အဒေါ်၊ မောင်ဘုန်းပြည့်သျှန်(NIEC)၏အဘွားလေးသည် ၈-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၅၅ နာရီတွင် လှိုင်ကော်မြို့ ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၅ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် လှိုင်ကော်နေအိမ်မှ လေးမိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၆နာရီတွင် လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ၊ ဆေးရုံအုပ်ကြီး နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဒေါ်သင်းရီ** (ကြည့်မြင်တိုင်)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် ၅၉နေ ဦးမြင့်မောင်၏ဇနီး၊ (ဦးလှတင်-ဒေါ်စိန်)တို့၏သမီး၊ (ဦးဘသင် - ဒေါ်နှင်းအိ)တို့၏ သမီးချွေးမ၊ (ဦးထွန်းရင် - ဒေါ်လှမြင့်)၊ (ဦးသန်းဝင်း)-ဒေါ်ခင်စိန်၊ ဦးလှသိန်း-ဒေါ်လှတင့်တို့၏ညီမ၊ ဦးဝင်းဇော်-ဒေါ်ခင်ထွေးတို့၏အစ်မ၊ ဦးတင်ထွန်း-ဒေါ်ချိုဝင့်လှိုင်၊ ဦးမျိုးသန့်-ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်မေအေး၊ ဦးချစ်ကို-ဒေါ်ယဉ်ယဉ်ဆွေတို့၏မိခင်၊ မအေးညိမ်းသန့်၊ မောင်အောင်မျိုးသန့်တို့၏ အဘွားသည် ၈-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၅ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

**ဒေါ်ရှုဗိုင်ဒဟ်(ခ)**

**ဒေါ်စန်းစန်းနု**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ(ဦးကွတ္တီအလီကာကာ-ဒေါ်အရှာဘီ)တို့၏သမီး၊ (ရှာဟီးဟကိမ်ဦးဆယ္ယဒ်ဟူစိန် - ဒေါ်ဟလီမဟ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်အထက်လမ်း၊အမှတ် ၃၇၉နေ[ဟာဂျီဦးချိုတူး(ခ)ဦးချစ်ထွန်း]၏ဇနီး၊ဟာဖိဇ်ဆာဂျိဒ်ဟူစိန်-ဒေါ်ခင်သီတာထွန်း၊ ဦးမောင်မောင်-ဒေါ်ခင်သူဇာထွန်း၊ ဦးနေလင်းထွန်း-ဒေါ်ဝေဝေသွင် (Y.S.A)တို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၈-၃-၂၀၁၅ရက် ညနေ ၅း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၉-၃-၂၀၁၅ရက်(တနင်္လာနေ့)ဇဟိုရ်အပြီး ၂၉လမ်း ဒရ်ဂါဗလီ၌ ဂျနာဇဟ်ဆွလာသ်ရွတ်ဖတ်ပြီး ရေဝေး ကဘာရ်စတန်ဥယျာဉ်တော်၌ ဒဖ်နာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြန်မာနိုင်ငံလို ဒီမိုကရေစီ စတင်အုတ်မြစ်ချနေတဲ့ နိုင်ငံတစ်နိုင်ငံအတွက် မီဒီယာများရဲ့အခန်းကဏ္ဍဟာလည်း အလွန်ပဲ အရေးကြီးပါတယ်။ အထူးသဖြင့် မီဒီယာများအနေနဲ့ မိမိဖော်ပြတဲ့သတင်းတွေအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ မျှတစွာဖော်ပြခြင်း စတဲ့ မီဒီယာကျင့်ဝတ်များနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)



အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၉) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ထိပ်ဆုံးမှ ရန်ကုန်အသင်း ဂိုးပြတ်နိုင်ပွဲထပ်မံရယူ

**သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ- ဖိုးသော်ဇင်**

**ရန်ကုန် မတ် ၈**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**(YUSC ကွင်း)**

**ရန်ကုန်ယူနိုက်တက် - ငါးဂိုး**
**(ဆီဇာ-သုံးဂိုး၊ ခင်မောင်လွင်နှင့် အီမာဆင်-တစ်ဂိုးစီ)**
**ဇေယျာရွှေမြေ - နှစ်ဂိုး**
**(ဆေးလ်ဗား)**

ယခုရာသီတွင် ရလဒ်ပိုင်းရော၊ တိုက်စစ်စွမ်းရည်ပါ အကောင်းဆုံးပုံစံပြသနေသည့် ရန်ကုန်အသင်းသည် ယခုပွဲတွင်လည်း အခက်အခဲမရှိ ဂိုးပြတ်နိုင်ပွဲထပ်မံရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် စံချိန်တင်ကိုးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ထိပ်ဆုံးနေရာ၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး တိုက်စစ်မှူးဆီဇာကလည်း ယခုရာသီ ဒုတိယမြောက်ဟက်ထရစ်ရယူနိုင်ခဲ့သည်။

ဒဏ်ရာပြဿနာရှိနေသည့် တိုက်စစ်မှူး ကျော်ကိုကိုမှလွဲ၍လူစုံပါဝင်လာသည့် ရန်ကုန်အသင်းသည် အိမ်ကွင်း၌ ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းသည် ပွဲစကတည်းက ခံစစ်အသားပေးပုံစံဖြင့် ကစားခဲ့ရာ ရန်ကုန်အသင်း စိတ်ကြိုက်ဖိကစားနိုင်ခဲ့သည်။ ၂၃ မိနစ်တွင်

*စာမျက်နှာ ၁၁ ကော်လံ ၅* ❁



ရန်ကုန်နှင့် ဇေယျာရွှေမြေတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

# မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ ယှဉ်ပြိုင်ထိုးသတ်

သတင်း ➤ မောင်စိန်လွင်(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၈**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာ့ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတစ်ဝန်းရှိ မြန်မာ့ရိုးရာလက်ဝှေ့ကလပ်ခုနစ်ခုမှ တက်သစ်စမျိုးဆက်သစ်လက်ဝှေ့အားကစားသမား ၁၄ ဦးတို့က တွဲဆိုင်းခုနစ်ဆိုင်းတွဲကာ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲ ရဲရဲရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ပြိုင်ပွဲတွင် လေးချီပွဲ လေးပွဲနှင့် သုံးချီပွဲသုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ရာ နိုင်ပွဲသုံးပွဲနှင့် သရေပွဲလေးပွဲဖြင့် အဆုံးသတ်ခဲ့သည်။ သုံးချီပွဲများတွင် မိုးလေး (စွမ်းကေကေ/မန္တလေး)နှင့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒


ယနေ့ မာတိကာ

**အစွန်းရောက်သည့် ပညာရေး လွတ်လပ်ခွင့်မျိုး မဖြစ်သင့်ပါ**

ဆောင်းပါး စာ » ၆

**အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက် ကြားနာဆောင်ရွက်**

စာ » ၇






မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS